မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၂၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နော်ဝေးနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၇

၂၀၀၉ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေးနိုင်ငံအမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နော်ဝေးနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ်ဘုရင်မင်းမြတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေးကို ဖော်ညွှန်းသည့် ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံဖွင့်လှစ် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀၀ ရှိပြီး နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၄၀၂၂ ထုတ်လုပ်နိုင် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ တိုးမြှင့်ဖြည့်ဆည်းပေးမည်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရေးနှင့် ခေတ်မီစက်မှုလုပ်ငန်းများ ခိုင်မာစွာဖြစ်တည်ရေး လျှပ်စစ်ဓာတ်အားများ နိုင်နိုင်နင်းနင်းထုတ်ပေးရေးသည် နိုင်ငံတော်၏ ထိပ်ဆုံးဦးစားပေးလုပ်ငန်းဖြစ်

ပြည်သူများအပိုင်းက နိုင်ငံတော်၏လက်တွေ့ကျကျ လုပ်ကိုင်မှုအပေါ် မှန်ကန်စွာ နားလည်တုံ့ပြန်ပြီး နိုင်ငံတော်၏စီးပွားရေး ပိုမိုတိုးတက်ခိုင်မာအောင် ဝိုင်းဝန်းကြိုးပမ်းအထောက်အကူပြုရန် လိုအပ်

နေပြည်တော် မေ ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး၌ တည်ဆောက်အကောင်အထည်ဖော် ပြီးစီးသွားသည့် ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀၀ ရှိပြီး မြန်မာနိုင်ငံ၌ လောလောဆယ် အကြီးဆုံး ရေအားလျှပ်စစ်စက်ရုံဖြစ်၊ နိုင်ငံတော်အစိုးရ၏ မနားမနေ စီမံအားထုတ်မှုများအရ ရွှေလီစက်ရုံထက် ပိုမိုကြီးမားသည့် ရဲရွာရေအားလျှပ်စစ်စက်ရုံကြီးသည် နီးကပ်နေသော နှစ်ပိုင်းအတွင်းတွင် ပေါ်ထွက်လာဦးမည်ဖြစ်သကဲ့သို့ ရဲရွာစီမံကိန်းကြီးထက်ပင် ပိုမိုကြီးမားသည့် နိုင်ငံတော်၏ ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းကြီးများသည်လည်း တစ်ခုပြီးတစ်ခု ဆက်တိုက်လိုလို ပေါ်ထွက်လာဦးမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၁၇ ရက်)

လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက် နိုင်ငံတော်၊ တောင်သူနှင့် လုပ်ငန်းရှင် စုစည်းညီညွတ်မှုဖြင့် ပူးပေါင်းပါဝင်

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရေးအတွက် စပါးစိုက်ဧကများ တိုးချဲ့ဖော်ထုတ်ခဲ့ရာ ယခုအခါ တစ်နိုင်ငံလုံး စပါးစိုက်ဧက စုစုပေါင်းဧက သန်း၂၀ကျော် ရှိလာခဲ့ပြီဖြစ်သည်။

စိုက်ပျိုးမြေဧရိယာများ တိုးချဲ့လာနိုင်ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရန်ဆောင်ရွက်နိုင်ခြင်း၊ စိုက်ပျိုးရေရရှိရေးစီမံကိန်းများ တည်ဆောက်နိုင်ခြင်း၊ သီးထပ်စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် လယ်ယာကဏ္ဍ သိသာစွာဖွံ့ဖြိုးတိုးတက်လာခဲ့ရာ ယခုအခါ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရုံသာမက ပိုလျှံမှုပင်ရှိလာပြီ ဖြစ်သည်။

ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံလာသည့်အလျောက် ပြည်ပသို့ ဆန်တင်ပို့ရောင်းချမှုကို တိုးမြှင့်နိုင်ခဲ့သည်။ လယ်ယာကဏ္ဍ တိုးတက်မြင့်မားလာရေးအတွက် လိုအပ်ချက်ဖြစ်သည့် စက်မှုလယ်ယာစနစ် ပီပီပြင်ပြင် ကူးပြောင်းရောက်ရှိရေး၊ စပါးမျိုးကောင်းမျိုးသန့် လဲလှယ်စိုက်ပျိုးရေး၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုများ မှန်ကန်စွာသုံးစွဲရေး၊ စိုက်ပျိုးရိတ်သိမ်း ခြွေလှေ့ကြိတ်ခွဲ၊ သိုလှောင်မှုစနစ်ရှိစေရေး၊ စိုက်ပျိုးနည်းပညာ အထောက်အကူရရှိရေးတို့ကို ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

စိုက်ပျိုးထွက်ရှိလာသမျှကို သမာရိုးကျ ဝယ်ယူရောင်းချနေခြင်းမျိုးထက် စိုက်ပျိုးသူ၊ အရင်းအနှီးရှိသူနှင့် ဝယ်ယူရောင်းချသူတို့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ယခုအခါ ဒေသအလိုက် ဦးဆောင်ကုမ္ပဏီများ စတင်ထူထောင်ဆောင်ရွက်နေကြပြီဖြစ်ရာ နိုင်ငံတော်အစိုးရ၊ တောင်သူများနှင့် ကုန်သည်/လုပ်ငန်းရှင်များ သုံးဦးသုံးဖလှယ် စုစည်းညီညွတ်မှုနှင့်အတူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှု အရှိန်အဟုန်ကို မြှင့်တင်နိုင်မည် ဖြစ်သည်။

စိုက်ပျိုးရေးထွက်ကုန်များကို ပြည်တွင်းသာမက ပြည်ပတွင်ပါ ထိုက်တန်သည့် ဈေးနှုန်းရရှိရေး၊ နိုင်ငံတကာဆန်ဈေးကွက် လိုအပ်ချက်နှင့်အညီ ဆန်အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ ရရှိပြီး ဈေးကွက်ခိုင်မြဲရေးနှင့် ဈေးကွက်ထပ်မံတိုးချဲ့ရေးတို့ကို အလေးထားကြိုးပမ်းသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ လယ်ယာကဏ္ဍဖွံ့ဖြိုးမှု အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ပြည်ပဈေးကွက်ဝင် ဆန်စပါးအမျိုးအစား စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပြည်ပသို့တင်ပို့ရောင်းချမှုနှင့် ဆန်ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်နှင့်အတူ တောင်သူလယ်သမားများ၊ ကုန်သည်လုပ်ငန်းရှင်များက စုစည်းညီညွတ်မှုစွမ်းအားဖြင့် လက်တွဲစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်၊ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **တွေ့၊မြင်၊သိ တရားတော်** (ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ)
၆:၅၅ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ထီးတော်တင်ပွဲ
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ရှင်သန်လာသောနှလုံးသား (အပိုင်း-၃)
၈:၃၀ Sunday Talk[မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၂၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်သားဆန်လှော်မုန့်နှင့် ရှန်ဟိုင်းပုစွန်)
၉:၃၀ Sports World
၁၀:၀၀ လေထုအရည်အသွေး (ဒေါက်တာသန်းထွဋ်၊ဒေါက်တာမင်းသန်းညွန့်)
၁၀:၂၅ တေးဂီတအစီအစဉ်
၁၀:၄၀ Activities in the City (Latacyd)
၁၁:၀၀ ဘဝများ(တေးသံရှင်Rဇာနည်ရဲ့ တေးသံရှင်ဘဝအကြောင်း)
၁၁:၃၀ ဟိုတယ်လမ်းညွှန် (Bagan Thiripyitsaya Sakura Hotel)
၁၂:၀၅ ဗီဒီယိုပြခန်း
၁၂:၃၀ Worlds of Knowledges (မိုးကြိုးပစ်ခြင်း)
၁:၀၀ **တွေ့၊မြင်၊သိ တရားတော်** (ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ)
၁:၅၅ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ထီးတော်တင်ပွဲ
၂:၀၀ MRTV-4 သတင်း
၂:၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရား တင်ဝင်းလှိုင်၊ ကိုမြသိန်း)
၃:၁၀ ပြည်သူ့အတွက် EMS
၃:၂၀ ခေတ်မီအလှဆင်အိမ်ဒီဇိုင်းသွင်ပြင်
၃:၃၀ ဖန်တီးသူ၏ ပညာစွမ်းမှသည်… လှပသောဘဝများဆီသို့
၃:၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ (ရွှေပင်ငွေပင် ဦးသန်းထွန်း ပရိဘောဂတိုက်)
၄:၀၀ တေးဂီတအစီအစဉ်
၄:၁၀ စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
၄:၃၅ ကြည်လင်အေးမြသော တာရာ အလင်းတန်းခေါ်ဆောင်ရာဆီသို့ (အပိုင်း-၂)
၅:၀၀ MRTV-4 ကာတွန်းအစီအစဉ်
၅:၃၀ Sports World
၆:၀၀ MRTV-4 သတင်း
၆:၁၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၇:၀၅ ဘဝများ(တေးသံရှင် Rဇာနည်ရဲ့ တေးသံရှင်ဘဝအကြောင်း)
၇:၃၅ VJ Choice
၈:၀၀ MRTV-4 သတင်း
၈:၁၅ Activities in the City(Latacyd)
၈:၃၀ ဟိုတယ်လမ်းညွှန် (Bagan Thiripyitsaya Sakura Hotel)
၉:၀၅ Sports World
၉:၃၀ ကဏ္ဍစုံလင်အားကစားအစီအစဉ် Chelsea Vs Blackbum(Live)
၁၁:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ရှင်သန်လာသောနှလုံးသား (အပိုင်း-၃)
၁၁:၄၅ ပြည်သူ့အတွက်EMS
၁၁:၅၅ ခေတ်မီအလှဆင်အိမ်ဒီဇိုင်းသွင်ပြင်
၁၂:၀၅ VJ Choice
၁၂:၃၀ ကြည်လင်အေးမြသောတာရာ အလင်းတန်းခေါ်ဆောင်ရာဆီသို့ (အပိုင်း-၂)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League (37) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	West Brom- Liverpool	ESPN(Live)
၉:၂၅	Chelsea-Blackbum	ESPN(Live)

Series A(36) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Juventus-Atalanta	5-Cartoons(Live)
၁:၀၀	Inter Milan-Siena	5-Cartoons(Live)

မြဝတီရုပ်မြင်သံကြား

၁၇-၅-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၂၄)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဦးဦးချစ်သူ**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၄၈)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၁။ လျှပ်တစ်ပြက်
၆:၄၅ ၁၂။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၃)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၅၃)

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား စင်ကာပူနှင့် တရုတ်ဧည့်အဖွဲ့ များလာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong နှင့် စင်ကာပူသမ္မတနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Vijay I yengar နှင့် အဖွဲ့သည် မေ ၁၃ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ရင်းနှီးမြှုပ်နှံမှုဆွေးနွေး

အလားတူ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ယမန်နေ့ ညနေ ၃နာရီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Branch of China Development Bank Corporation မှ Vice Governer, Mr. Zhong Shu Jun နှင့် အဖွဲ့သည်လည်းကောင်း၊ ညနေ ၄နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jilin Fuhua Agricultural Science and Technology Development Co., Ltd. မှ ဥက္ကဋ္ဌ Mr. Lui Yeနှင့်အဖွဲ့သည်လည်းကောင်း လာရောက်တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရမ်း၌ စာကြည့်တိုက်ပညာ အလုပ်ရုံဆွေးနွေး

ရန်ကုန် မေ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် စာကြည့်တိုက်ပညာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို မေ ၁၂ရက် နံနက် ၉နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ဗြဟ္မစိုရ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာပေးဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်**(အပေါ်ပုံ)**၊ စာထောက်-၃ ဒေါ်ခင်နှင်းဝေ တို့က စာကြည့်တိုက်ပညာရပ်များနှင့် စာငှားကတ်စနစ်ဖြင့် စာကြည့်တိုက်များ ရေရှည်ခိုင်မာဖွံ့ဖြိုးတိုးတက်စေရေး ပညာပေး ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သင်္ဃန်းကျွန်းမြို့နယ် ကန်တော်မွန်လုံးချင်းအိမ်ရာ၊ အမှတ်(၉)နေ ဒေါ်မြသန်းနှင့် မောင်နှမတစ်စုက မိခင်ကြီး ဒေါ်ကျင်ရွှေ၏ (၁၅)နှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောဘယ်လ်(ငြိမ်း)နှင့် အဖွဲ့ဝင် တွဲဖက်ပါမောက္ခ ဒေါက်တာ ဦးမျိုးမင်းတို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ခြေရှိသည့် ရေအရင်းအမြစ်များ၏အခြေအနေအရ နိုင်ငံတော်၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၃၄၀၀ ကျော် ထုတ်လုပ်နိုင်သည်ဟု ပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြောင်းကို စိစစ်တွေ့ရှိရ၊ ယနေ့အထိ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ရေအားလျှပ်စစ် စက်ရုံများက ထုတ်လုပ်နိုင်အားသည် မဂ္ဂါဝပ် ၁၄၀၀ ကျော်ရှိပြီး တည်ဆောက်ဆဲစီမံကိန်း ၃၅ ခုက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၂၈၀၀ ကျော် ထုတ်လုပ်နိုင်အားရှိမည်။

● ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မူဆယ်ခရိုင်အတွင်းရှိ ဒေသခံ တိုင်းရင်းသားပြည်သူများ၊

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် Member of the leadership of Huaneng Group မှ Mr.Kou Wei တို့ ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ မင်္ဂလာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အထူး ဖိတ်ကြားထားသူများနှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့သည် ရွှေလီမြစ်ပေါ်၌တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် ပထမဆုံးတည်ဆောက်ပြီးစီးသည့် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း။

နယ်ခြားမြစ်

ရွှေလီမြစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၌ စတင်မြစ်ဖျားခံပြီး မြန်မာနိုင်ငံအတွင်း မူဆယ်မြို့နှင့် နမ့်ခမ်းမြို့များအနီးမှ ဖြတ်သန်းစီးဆင်းကာ နောက်ဆုံးတွင် ဧရာဝတီမြစ်အတွင်း စီးဝင်သည့် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်သော မြစ်တစ်ခုဖြစ်ကြောင်း၊ နယ်စပ်တစ်လျှောက် စီးဆင်းသည့်အတွက်လည်း နယ်ခြားမြစ်တစ်ခုအဖြစ် သတ်မှတ်ခေါ်ဝေါ်ကြကြောင်း။

ရွှေလီမြစ်တစ်လျှောက်တွင် အကြီးစားရေအားလျှပ်စစ်စီမံကိန်းသုံးခုတည်ဆောက်ရန် စီစဉ်ထားသည့်အနက် ယနေ့ ရွှေလီအမှတ်(၁) စီမံကိန်းသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကျိုးတူပူးပေါင်းတည်ဆောက်ပြီးစီးသော ပထမဆုံးစီမံကိန်းဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးကို ဖော်ညွှန်းသည့် ရွှေလီမြစ်ပေါ်၌ ရွှေလီ(၁) စီမံကိန်းသည် နှစ်နိုင်ငံ ချစ်ကြည်ရေးကိုသာမက နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိုပါ ဖော်ဆောင်ပေးလျက်ရှိသော စီမံကိန်းကြီးဖြစ်ကြောင်း။

ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် တရုတ်ပေါက်ဖော်မိတ်ဆွေများကိုလည်း ကျန်းမာချမ်းသာစေရန် မြန်မာပြည်သူများနှင့်အတူ နှုတ်ခွန်းဆက် မေတ္တာပို့သအပ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ရွှေလီရေအားလျှပ်စစ်စက်ရုံကြီးသည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုခိုင်မာစေမည် ဖြစ်သည်ဟုလည်း မိမိအနေဖြင့် ယုံကြည်မိကြောင်းကို ထပ်မံပြောကြားလိုကြောင်း။

ဦးစားပေးလုပ်ငန်း

ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၆၀၀ရှိပြီး မြန်မာနိုင်ငံ၌ လောလောဆယ် အကြီးဆုံးရေအားလျှပ်စစ်စက်ရုံဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မနားမနေ စီမံအားထုတ်မှုများအရ ရွှေလီစက်ရုံထက် ပိုမိုကြီးမားသည့် ရဲရွာရေအားလျှပ်စစ်စက်ရုံကြီးသည် နီးကပ်နေသော နှစ်ပိုင်းအတွင်းတွင် ပေါ်ထွက်လာဦးမည်ဖြစ်သကဲ့သို့ ရဲရွာစီမံကိန်းကြီးထက်ပင် ပိုမိုကြီးမားသည့် နိုင်ငံတော်၏ ရေအားလျှပ်စစ်စက်ရုံစီမံကိန်းကြီးများသည်လည်း တစ်ခုပြီးတစ်ခု ဆက်တိုက်လိုလို ပေါ်ထွက်လာဦးမည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို တည်ဆောက်နိုင်ရန် ခေတ်မီစက်မှုလုပ်ငန်းများ ခိုင်ခိုင်မာမာဖြစ်တည်ရန်အတွက် အမှန်တကယ်လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို နိုင်နိုင်နင်းနင်း ထုတ်လုပ်ပေးရေးသည် နိုင်ငံတော်၏ ထိပ်ဆုံးဦးစားပေးလုပ်ငန်းဖြစ်ကြောင်း။

ပြီးခဲ့သည့် မတ်လအတွင်းက ရှမ်းပြည်နယ်အတွင်း၌ လျှပ်စစ်ဓာတ်အား ၅၄မဂ္ဂါဝပ် ထုတ်လုပ်နိုင်အားရှိသော ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အတွက် ရှမ်းပြည်နယ်၏ အလယ်ပိုင်းတွင်ရှိသော လွိုင်လင်၊ နမ့်စန်၊ လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ ကျိုင်းတောင်း စသည့် မြို့များသည် လျှပ်စစ်မီးများဖြင့် အလင်းဆောင်နေပြီဖြစ်သကဲ့သို့ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုလည်း တစ်စိတ်တစ်ပိုင်း အထောက်အကူပြု ဖြည့်ဆည်းပေးနေပြီဖြစ်ကြောင်း။

၁၉၈၈ခုနှစ်မှ ယနေ့အထိဆိုလျှင် ဒေသသုံး ရေအားလျှပ်စစ် စက်ရုံများအပြင် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်ပြီး မဟာဓာတ်အားလိုင်းစနစ်အတွင်းတွင် အကျုံးဝင်သည့် ရေအားလျှပ်စစ်စက်ရုံပေါင်း ၁၃ ရုံ တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ တည်ဆောက်နေဆဲ ရေအားလျှပ်စစ် စီမံကိန်းပေါင်းမှာ ၃၅ ခုရှိကြောင်း။

ခန့်မှန်းတွက်ချက်

ယင်းစီမံကိန်းများသည် ရေအရင်းအမြစ်များပြားသည့် မြန်မာနိုင်ငံ၏ အဓိကမြစ်ဝှမ်းများဖြစ်သော ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ဝှမ်းကြီးများနှင့် အခြားဒေသဆိုင်ရာ မြစ်ဝှမ်းငယ်များတွင် ဖြန့်ကြက်တည်ရှိခြင်းဖြစ်ကြောင်း၊ ရဲရွာစီမံကိန်း၊ ရွှေလီစီမံကိန်း၊ ဇော်ဂျီစီမံကိန်း၊ မုန်းချောင်းစီမံကိန်း စသည့် စီမံကိန်းများသည်

စာမျက်နှာ ၈ ကော်လံ ၅ သို့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Member of the leadership of Huaneng Group မှ Mr. Kou Wei ရွှေလီ(၁) ရေအားလျှပ်စစ် စက်ရုံ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရွှေလီ(၁) ရေအားလျှပ်စစ် စက်ရုံကို နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် တိုင်းရင်းသားပြည်သူများကိုယ်စား ဒေသခံ ပလောင်တိုင်းရင်းသား ဦးဆန်ပူးက ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ကျင်းပလျက်ရှိသည့် တီယန်ကျင်းအပြည်ပြည်ဆိုင်ရာ မိုဘိုင်းလ်ဖုန်း ထုတ်ကုန်ပြပွဲ ၂၀၀၉ကို မေ ၁၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား၌ အကြီးဆုံးပင်လယ်ဥယျာဉ်ကြီးဖွင့်လှစ် ဝေလငါး ၁၄မျိုးနှင့် ရှားပါးမိကျောင်းများပါဝင်

မာနာဒို(အင်ဒိုနီးရှား) မေ ၁၆

အင်ဒိုနီးရှားနိုင်ငံက အရှေ့တောင်အာရှဒေသ၏ အကြီးမားဆုံး ပင်လယ်ဥယျာဉ်ကြီး(အောက်ပုံ)ကို ဆာဗု ပင်လယ်တွင်း၌ ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ ယင်းပင်လယ်ဥယျာဉ်ကြီးသည် ကမ္ဘာ့ဝေလငါးမျိုးစိတ် ထက်ဝက် ကျော်နှင့် ရှားပါးမိကျောင်းများ ပြောင်းရွှေ့လာရောက်ရာ လမ်းကြောင်းဖြစ်လာကြောင်း အင်ဒိုနီးရှားရေလုပ်ငန်း ဝန်ကြီးက ပြောကြားသည်။

ကြိုးပမ်း

အဆိုပါ ပင်လယ်ရေဥယျာဉ်ကြီး တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းကို သဘာဝတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး အဖွဲ့များက ကူညီပေးခဲ့ကြောင်း၊ ဤသို့ဥယျာဉ်ကြီး ဖွင့်လှစ်ခဲ့ခြင်းမှာ ငါးများကိုမိုင်းခွဲ၍ ဖမ်းဆီးခြင်းနှင့် ဆိုင်ရာနိုက်အဆိပ်ခတ် ဖမ်းဆီးခြင်းကဲ့သို့သော တရားမဝင်ငါးဖမ်းဆီးမှုများ မပြုလုပ်ရန် ကြိုးပမ်းခြင်း ဖြစ်ကြောင်း၊ ယင်းပင်လယ်ရေဥယျာဉ်ကြီးသည် ဆူလာဝေစီပြည်နယ် မာနာဒို၌တည်ရှိပြီး အကျယ်အဝန်း ဟက်တာ၃ဒသမ၅သန်း ဧက(၈ဒသမ ၆၄၉သန်း) ကျယ်ဝန်းကြောင်း၊ ၎င်းပင်လယ်ဥယျာဉ်အတွင်း ကမ်းရိုး တန်းသတ္တဝါမျိုးစိတ် ၅၀၀၊ ဝေလငါးမျိုးစိတ် ၁၄မျိုးနှင့် ငါးမျိုးစိတ် ၃၃၆ မျိုးရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

အရီဇိုးနားပြည်နယ်မှ အမျိုးသမီးတစ်ဦး A/H1N1 တုပ်ကွေးကြောင့် သေဆုံး

ဖီးနစ် မေ ၁၆

အဆုတ်ရောဂါဝေဒနာခံစားနေရသော အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်မှ အမျိုးသမီး တစ်ဦးသည် A/H1 N1 တုပ်ကွေးရောဂါဖြင့် သေဆုံးသွားပြီဖြစ်ကြောင်း ကျန်းမာရေးတာဝန် ရှိသူများက မေ ၁၅ရက်တွင် ပြောကြားသည်။

စတုတ္ထမြောက်

အဆိုပါ အမျိုးသမီးသည် အဆုတ်ရောဂါခံစားနေရစဉ် လွန်ခဲ့သောသီတင်းပတ်က A/H1N1 ရောဂါကူးစက်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ပြောကြားသည်။ ယင်းသေဆုံးမှုသည် အရီဇိုးနားပြည်နယ်၌ ပထမဆုံးဖြစ်ပြီး အမေရိကန်တွင် စတုတ္ထမြောက် ၄င်းရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဆင်သားအမိ

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်ရှိ တိရစ္ဆာန်ဥယျာဉ် အတွင်း မွေးမြူထားသည့် ဆင်သားအမိကို မေ ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗြိတိန်အာဏာရလေဘာပါတီအပေါ် လူထုထောက်ခံမှု ၂၂ရာခိုင်နှုန်းအထိ ကျဆင်းခဲ့

လန်ဒန် မေ ၁၆

ဗြိတိန်နိုင်ငံမှ အာဏာရလေဘာပါတီအား ပြည်သူလူထု၏ ထောက်ခံမှုနှုန်းသည် ၂၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ယူဂေါ့စစ်တမ်းအရ သိရှိရသည်။

ကြိုးပမ်း

ဗြိတိန်အာဏာရပါတီအား ကွန်ဆာဗေးတစ်ပါတီ၏ ထောက်ခံမှုသည် ၄၁ ရာခိုင်နှုန်းဖြစ်ပြီး ဗြိတိန်ရှိ ဒုတိယမြောက် အတိုက်အခံပါတီ လစ်ဘရယ်ဒီမိုကရက်၏ ထောက်ခံမှုနှုန်းသည် ၁၉ ရာခိုင်နှုန်းဖြစ်သည်ဟု စစ်တမ်းတွင်ဖော်ပြထားသည်။

ယင်းနှုန်းအတိုင်းဆိုပါက အဓိက အတိုက်အခံပါတီအနေဖြင့် ၂၀၁၀ပြည့်နှစ်လယ်တွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲတွင် အပြတ်အသတ်နိုင်ခြေရှိနေပြီဖြစ်သည်။ ဘီပီအိုင်အိပ်စ်အဖွဲ့၏ စစ်တမ်းအရ လေဘာပါတီအား ထောက်ခံမှုသည် ၂၃ ရာခိုင်နှုန်းဖြစ်ပြီး ကွန်ဆာဗေးတစ်ပါတီ၏ ထောက်ခံမှုသည် ၄၅ရာခိုင်နှုန်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်လုံခြုံရေးတပ် ထိုးစစ်ဆင်တိုက်ခိုက် အလိုရှိသူ ၂၇၀ ဖမ်းဆီးမိ

ဘာကူဘာ မေ ၁၆

ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် ဒီယာလာပြည်နယ်အတွင်း ရက်သတ္တနှစ်ပတ်ကြာ စစ်ဆင်ရေးများ ဆင်နွှဲစဉ် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ မသင်္ကာဖွယ်သူပုန်၂၇၀ကို ဖမ်းဆီးလိုက်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က မေ ၁၄ရက်တွင် ပြောကြားသည်။

ထိုးစစ်ဆင်

အယ်လ်ခိုင်ဒါချေမှုန်းရေး ပြည်သူ့စစ်များ အပါအဝင် အင်အား၄၀၀၀၀ရှိ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွအုပ်စုများနှင့် ရာဇဝတ်ဂိုဏ်းများကို လိုက်လံချေမှုန်းရေးအတွက် ထိုးစစ်ဆင်ခြင်းဖြစ်သည်။

သိမ်းဆည်း

စစ်ဆင်ရေးအတွင်း အလိုရှိသူ ၂၇၀ ထိ ဖမ်းမိပြီး လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများတွေ့ရှိ သိမ်းဆည်းမိသည်။

ခြေကုပ်ယူ

ပြည်နယ်မြို့တော် ဘာကူဘာအပါအဝင် ဒီယာလာပြည်နယ်မှာ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၆၅ကီလိုမီတာအကွာတွင် တည်ရှိသည့် သူပုန်တို့၏ ခြေကုပ်ယူသည့်ဒေသဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

(၂၆)ကြိမ်မြောက် နိုင်ငံတကာဝိုင်ပြိုင်ပွဲ ပြင်သစ်က ရွှေတံဆိပ်၄၉ခုဆွတ်ခူးပြီး ပထမရရှိ

လန်ဒန် မေ ၁၆

(၂၆)ကြိမ်မြောက် နိုင်ငံတကာဝိုင်ပြိုင်ပွဲ(အိုင်ဒဗလျူစီ)တွင် ပြင်သစ်နိုင်ငံကရွှေတံဆိပ် အများဆုံးဆွတ်ခူးရရှိကြောင်း ယခုရက်သတ္တပတ် လန်ဒန်ဝိုင်ကုန်စည်ပြပွဲ၌ ထုတ်ပြန် ကြေညာသည်။

အမှတ်ပေးရွေးချယ်

ပြိုင်ပွဲတွင် ပြင်သစ်က ရွှေတံဆိပ် ၄၉ခု၊ ဩစတြေးလျက ၄၃ခု၊ ပေါ်တူဂီက ၃၆ခုရရှိသည်။ ၄၁နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အတွေ့အကြုံရှိ ဒိုင်လူကြီး ၄၀၀ခန့်က အဖွဲ့လိုက်အကဲဖြတ် အမှတ်ပေးရွေးချယ်ခြင်းဖြစ်သည်။

ဆုတံဆိပ်အများဆုံး

နိုင်ငံတကာဝိုင်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၃၀၄ခု၊ ငွေတံဆိပ် ၁၃၀၄ခုနှင့် ကြေးတံဆိပ် ၂၁၅၄ခုချီးမြှင့်ရာတွင် ပြင်သစ်နိုင်ငံက ရရှိသည့်ဆုပေါင်း ၇၂၉ဆုဖြင့် ပထမ၊ဩစတြေးလျက ဆုပေါင်း ၅၉၁ဆု ဖြင့် ဒုတိယနှင့် အီတလီက ဆုပေါင်း ၄၀၅ဆုဖြင့် ဆုတံဆိပ်အများဆုံးရရှိသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘာတစ်ဝန်း A/H1N1 တုပ်ကွေးရောဂါ ဆက်လက်ပျံ့နှံ့ သေဆုံးသူ ၆၅ဦးအပါအဝင် ရောဂါဖြစ်သူ ၆၄၉၇ဦးရှိသွားပြီ

ဂျီနီဗာ မေ ၁၆

ကမ္ဘာတစ်ဝန်း A/H1 N1 တုပ်ကွေးရောဂါ ဆက်လက်ပျံ့နှံ့ဖြစ်ပွားလျက်ရှိရာ ယခုအခါသေဆုံးသူ ၆၅ဦးအပါအဝင် ရောဂါဖြစ်ပွားသူ ၆၄၉၇ဦးရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က မေ ၁၄ရက်တွင် ကြေညာသည်။

မက္ကဆီကိုနှင့် အမေရိကန်နိုင်ငံတို့တွင် A/H1 N1တုပ်ကွေးရောဂါ အများအပြား ပျံ့နှံ့ဖြစ်ပွားပြီး ယခုအထိ ထိုရောဂါကူးစက်ဖြစ်ပွားသည့် နိုင်ငံပေါင်းမှာ ၃၃ နိုင်ငံပင်ဖြစ်သည်ဟုလည်း ကြေညာသည်။ ရာသီအလိုက် ဖြစ်ပွားသည့် တုပ်ကွေးရောဂါကြောင့် နှစ်စဉ် လူ၅၀၀၀၀၀ခန့် သေဆုံးသည်။ သေဆုံးသူ အများစုမှာ သက်ကြီးရွယ်အိုများနှင့် ပန်းနာရောဂါကဲ့သို့သော ရောဂါအခံရှိသူများဖြစ်သည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်တွင် ပေါက်ကွဲမှုဖြစ်ပွား ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

လန်ဒန် မေ ၁၆

အာဖဂန်နစ္စတန် တောင်ပိုင်းဒေသတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် တော်ဝင်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၅ရက်တွင် ပြောကြားသည်။ တော်ဝင်မရိန်းသံချပ်ကာကား တောင်ပိုင်းအုပ်စုမှ တပ်ဖွဲ့ဝင်သည် ဟယ်လ်မန့်ပြည်နယ်ရှိ လက်ရှ်ကာဂါးဒေသအနီး မော်တော်ယာဉ်ဖြင့် လာရောက်စဉ် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သေဆုံးခြင်းဖြစ်သည်။

ဖြစ်ပွား

၂၀၀၂ ခုနှစ် နောက်ပိုင်းတွင် အာဖဂန်ပဋိပက္ခ ဖြစ်ပွားပြီးသည့်နောက် ယင်းနိုင်ငံတွင် သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်သည် ဖော်ပြပါတပ်ဖွဲ့ဝင်အပါအဝင် ၁၅၉ ဦးရှိပြီဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင် မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်လျက်ရှိသည်ကို မေ ၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

17-5 (04).pmd 1 5/17/2009, 3:38 AM

သံဖြူဇရပ်မြို့နယ် သင်္ကြောကျေးရွာ ရော်ဘာစိုက်ခင်း ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် သံဖြူဇရပ်မြို့နယ် ဝဲဝက်ရာကျေးရွာအုပ်စု သင်္ကြောကျေးရွာရှိ ဦးမောင်ကြည်၏ ရော်ဘာစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သံဖြူဇရပ်မြို့နယ် သင်္ကြောကျေးရွာ ရော်ဘာစိုက်ခင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

ရော်ဘာအရည်အသွေးမြင့် ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆကြရန်မှာကြား

နေပြည်တော် မေ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မေ၁၃ရက် နံနက်ပိုင်းက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ခေါဇာမြို့သို့ရောက်ရှိရာ မြို့နယ်ဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ခေါဇာမြို့နယ် ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ လူနာများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် ရေးတပ်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တပ်နယ်မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် သံဖြူဇရပ်မြို့နယ် ဝဲဝက်ရာကျေးရွာအုပ်စု သင်္ကြောကျေးရွာရှိ ဦးမောင်ကြည်၏ ရော်ဘာစိုက်ခင်းသို့ရောက်ရှိကြရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာက မြို့နယ်အတွင်း ရော်ဘာစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တီထွင်ကြံဆ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ရော်ဘာထုတ်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရော်ဘာကို အရည်အသွေးမြင့်ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆ လုပ်ဆောင်သွားကြရန် မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

တရားမဝင်နည်းဖြင့် ငါးဖမ်းမှု ဝေါမြို့နယ်၌ ပညာပေးဟောပြော

ဝေါ မေ ၁၆

ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ဝေါမြို့နယ် ကပင်ကျေးရွာ၌ သဘာဝသယံဇာတထိန်းသိမ်းရေး၊ တရားမဝင် ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေး ပညာပေးဟောပြောပွဲနှင့် တရားမဝင် ငါးဖမ်းကိရိယာများ အပ်နှံပွဲအခမ်းအနား **(အောက်ပုံ)**ကို မေ ၁၂ရက် နံနက် ၁၀နာရီက ကပင်ကျေးရွာ၌ကျင်းပရာ ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်သိန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မြင့်သိန်း၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်နု၊ မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနမှ ဦးစီးအရာရှိ ဦးသက်အေးနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ ချုပ်မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့် ကပင်ကျေးရွာမှ ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရေလုပ်သားများ တက်ရောက် ကြသည်။ **(ငါးလုပ်ငန်းဦးစီးဌာန)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ရေး ရွှေပြည်သာတွင် ဆွေးနွေး

ရန်ကုန် မေ ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကကြီးမှူး၍ မြို့နယ်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တို့ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်နိုင်ရေး အတွက် ဒေသဖွံ့ဖြိုးမှုအစ စာကြည့်တိုက် ကခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို အမှတ်(၇) ရပ်ကွက် ဒေငိကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်၌ မေ ၁၄ရက် နံနက် ၁၁နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များမှ စာကြည့်တိုက်ကော်မတီဝင်များ တက် ရောက်ကြပြီး မြို့နယ်ဦးစီးမှူးက စာကြည့် တိုက်များရှင်သန်ရေး စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေးကို ရှင်းလင်းဆွေးနွေးကြ သည်။ **(မြို့နယ် ပြန်/ဆက်)**

ဗန်းမော်မြို့နယ်စည်ပင် ပန်းပင်များမြေချစိုက်ပျိုး

ဗန်းမော် မေ ၁၆

ဗန်းမော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် အဖွဲ့ပိုင်မေတ္တာမွန်ဥယျာဉ်အတွင်း ပျိုးထောင်စိုက်ပျိုးထားသော ပန်းအလှပင် များ၊အရိပ်ရပင်များကို မေ၃ရက်ကဗိုလ်ချုပ် လမ်းမကြီးဘေး ဝဲယာတစ်လျှောက်တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြေချ စိုက်ပျိုးရာသို့ အမှုဆောင် အရာရှိ ဦးခင် မောင်ဦး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မေ ၅ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်သန့်ရှင်းသောသောက်သုံးရေရရှိ ရေးအတွက် နမ့်ပေါ်စွတ်ဟိုးရွာ၌ တွင်းတိမ်တူး၊ အုတ်ရိုးစီ၊ တုံကင်တပ်ဆင်ခြင်း လုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် မေ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန် စာပေဆုရ စာအုပ်များကို ဖြန့်ချိရောင်း ချနေပြီဖြစ်သည်။

စာအုပ်များ

အဆိုပါစာအုပ်များမှာ အသုတ်မောင်ဝင်းရောင် ရေးသားသည့် မီးလုံထဲကကြာပွင့်များ စာအုပ်၊ တင်အောင်သွင် ရေးသားသည့် မြန်မာ့သဘင်စွယ်စုံသစ်စေသည့် ပြည်ချစ် အနုပညာရှင်များစာအုပ်**(ယာပုံ)**၊ နန္ဒခင်(သက္ကလ)ရေးသားသည့် ရေကြည်ချမ်းမြနှင့် အခြားဝတ္ထုတိုများစာအုပ်၊ ဦးမိုးမြင့်ဝင်း (သိပ္ပံနှင့်နည်းပညာ)ရေးသားသည့် မြန်မာ့အနုပညာ နယ်ပယ်၏ မူပိုင်ခွင့်နှင့်တီထွင်မှုများစာအုပ်**(ဝဲပုံ)**၊ အောင်ကျော်ဖြိုးရေးသားသည့် မြန်မာနိုင်ငံ အနာဂတ်စီးပွားရေးနှင့် ငှက်ကုလားအုတ်မွေးမြူရေးစာအုပ်၊ ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)ရေးသားသည့် အာဟာရနှင့်ကျန်းမာရေးစာအုပ်၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)ရေးသားသည့် ဝန်းကျင်သဘာဝနှင့်ရောဂါဘယစာအုပ်၊ အောင်ကျော်ဆန်းရေးသားသည့် ရွှေနိုင်ငံ၏ရင်သွေးရတနာ အလိမ္မာဇာတိမာန်ကဗျာများစာအုပ်၊ မြို့မလှမောင်ရေးသားသည့် ဆူးခင်းလမ်းမှာသဲနင်းလှမ်းခဲ့ရတဲ့ရလဒ်စာအုပ်နှင့် မောင်နွယ်သန်းရေးသားသည့် အလံဦးကင်းဝ(သို့) အနောက်မြောက်တံခါးဝသမိုင်းစာအုပ်တို့ဖြစ်သည်။

ဝယ်ယူရရှိနိုင်

စာအုပ်များကို နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် Myanmar National League Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ Score Board ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်နှင့် ကိုယ်စားလှယ်များ၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့မှ အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ကလပ်အသင်းပိုင်ရှင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အထူးဖိတ်ကြားထားသူများနှင့် ဘောလုံးဝါသနာရှင်များ ကွင်းပြည့်ကွင်းလျှံ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ Myanmar National League Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)အထူးတန်းစင်မြင့်၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြိုင်ပွဲ Score Board ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်နှင့် ပြိုင်ပွဲဝင် ကလပ်အသင်းပိုင်ရှင်များက Myanmar National League Cup (Grand Royal 2009)ဘောလုံးပြိုင်ပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဂါရဝပြုပေးအပ်

ထို့နောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက Myanmar National League Cup ပြိုင်ပွဲ ဂုဏ်ပြုပန်းစည်းများကို နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဂါရဝပြုပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ညနေ ၄ နာရီတွင် Zayar Shwe Myay F.C အသင်းနှင့် Yangon United F.C အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

အကောင်းဆုံးဆု

ယနေ့ပြိုင်ပွဲတွင် Yangon United F.C အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး အကောင်းဆုံးဘောလုံးသမားဆုကို Yangon United F.C အသင်းမှ ကျောနံပါတ် (၁၄) မျိုးမင်းထွန်းက ရရှိသွားသည်။

မေ ၁၇ရက်တွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ Southern Myanmar F.C အသင်းနှင့် Yadanabon United အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မေ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ယမန်နေ့ နံနက် ၈ နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းညွန့်၊ နေပြည်တော် ခရိုင်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသန်းဌေးနှင့်အတူ နံနက် ၁၁နာရီ ၄၅မိနစ်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ ကျောက်မျက်ပြတိုက်သို့ရောက်ရှိကြရာ ပြတိုက်မှူး ဦးဇော်ဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောက်မျက်ပြတိုက်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာများ ပြကွက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam သည် ပြတိုက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသန်းဌေးနှင့်အတူ ပုဂံညောင်ဦးမြို့၌ ချစ်ကြည်ရေးဆက်လက်လည်ပတ်ရန် မွန်းလွဲ၂ နာရီခွဲတွင် နေပြည်တော်မှ ပုဂံညောင်ဦးမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းညွန့်၊ နေပြည်တော်ခရိုင်နှင့် နေပြည်တော်ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့မှ အသင်းဝင်များက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မေ ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်၌ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ တွေ့ဆုံ

နေပြည်တော် မေ ၁၆

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် မေ ၁၀ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် တော်ပြာကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံ၍ ဇီဝဘက်ထရီအသုံးပြုပုံကို ရှင်းလင်းပြသပြီး ကျေးရွာပြည်သူများအတွက် ဆန်၊ ဆီနှင့် ပဲတို့ကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ပကောက်ကျေးရွာသို့ရောက်ရှိကာ ကျေးရွာသူ၊ ကျေးရွာသားများအားတွေ့ဆုံ၍ ဇီဝဘက်ထရီအသုံးပြုပုံကို ရှင်းလင်းပြသကာ ကျေးရွာပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျေးရွာအတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် ကျေးရွာပြည်သူများ စုပေါင်းတူးဖော်ထားသော သောက်သုံးရေကန်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(ဝဲပုံ)**

ရှင်းလင်းပြောကြား

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပီလခတ်ကျေးရွာသို့ရောက်ရှိကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာမီးလင်းရေးအတွက် စီမံဆောင်ရွက်ပေးမည့် အခြေအနေကိုရှင်းလင်းပြောကြားပြီး ဇီဝဘက်ထရီအသုံးပြုပုံကို ရှင်းလင်းပြသ၍ စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် တော်ခလူးကျေးရွာသို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မုန်တိုင်းဒဏ်ကြိုတင်ကာကွယ်ရေး ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ဇီဝဘက်ထရီအသုံးပြုပုံကို ရှင်းလင်းပြသပြီး စားသောက် ကုန်ပစ္စည်းများကို ပေးအပ် လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောက်ဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မေ ၁၅ရက် ည ၇နာရီတွင် ရွှေလီရိပ်သာ၌ ခင်းကျင်းပြသထားသည့် ခေတ်မီစက်ကိရိယာဖြင့် ခြံစည်းရိုး ကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှု အဆင့်ဆင့်နှင့် စွန့်ပစ်အမှိုက်အမျိုးမျိုးကို လောင်စာအဖြစ် အသုံးပြုသည့် အဆင့်မြင့်မီးဖို လက်တွေ့သရုပ်ပြသမှုအား ကြည့်ရှုအားပေးရာတွင် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ခြံစည်းရိုး ကြက်ဆူဆီမှ ခေတ်မီစက်ကိရိယာဖြင့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် စွန့်ပစ်အမှိုက်အမျိုးမျိုးကို လောင်စာအဖြစ် အသုံးပြုသည့် အဆင့်မြင့်မီးဖိုနှင့် စပ်လျဉ်း၍ အသေးစိတ်လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေလီရိပ်သာအတွင်းရှိ မြက်ခင်းပြင်၌ ဇီဝဘက်ထရီဖြင့် မီးထွန်းအလှဆင်ထားမှုကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ SIMAR Co.,LTD.မှ (Bio Smart Biodiesel Production Procedure)ဖြင့် ထုတ်လုပ်ခြင်းဖြစ်ပြီး တစ်ကြိမ်လျှင် ၇နာရီ မိနစ်၃၀ကြာပြီး ဘိုင်အိုဒီဇယ် လီတာ၂၄၀ ထုတ်လုပ်နိုင်သည်။

စံမီအရည်အသွေး

ဇီဝဒီဇယ်ဆီကို ခြံစည်းရိုးကြက်ဆူဆီကြမ်းအပြင် သုံးစွဲပြီးအကြော်ဆီအမျိုးမျိုး၊ ဆီကုန်ကြမ်းအမျိုးမျိုးမှ ပြန်လည်ထုတ်လုပ်သုံးစွဲနိုင်ပြီး အဆိုပါဇီဝဒီဇယ်ဆီသည် လက်ရှိအသုံးပြုလျက်ရှိသော ဒီဇယ်ဆီနှင့်အလားတူ မော်တော်ယာဉ်များတွင် တိုက်ရိုက်မောင်းနှင်နိုင်သည့် စံမီအရည်အသွေးရှိသည်။

စွန့်ပစ်အမှိုက်အမျိုးမျိုးကို လောင်စာအဖြစ်အသုံးပြုသည့် အဆင့်မြင့်မီးဖိုသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ကူညီပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးသိန်းဝင်း(ရှမ်းနေဝင်းကုမ္ပဏီ)က သုတေသနပြုစတင်တီထွင်ထုတ်လုပ်ခြင်းဖြစ်သည်။ ၎င်းမီးဖိုသုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု သက်သာခြင်း၊ အချိန်ကုန်သက်သာ၍ စီးပွားရေးအရ တွက်ခြေကိုက်ခြင်း၊ သဘာဝသစ်တောများ ပြုန်းတီးမှုမှ ကာကွယ်နိုင်ခြင်း၊ လောင်စာစွမ်းအင်ရှားပါးမှုပြဿနာများကို လွယ်ကူစွာဖြေရှင်းနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည့် ဖော့၊ ကော်၊ ပလတ်စတစ်အိတ်ခွံ အမှိုက်များစုပုံခြင်းဘေးမှ ကင်းဝေးခြင်း၊ မြို့တော်များတွင် အမှိုက်ကင်းစင်၍ သန့်ရှင်းသာယာလှပစေခြင်း၊ သဘာဝမြေဆီလွှာများ ပျက်စီးခြင်းမှ ကာကွယ်ပေးခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေသည်။

အသုံးပြုနိုင်

အဆင့်မြင့်မီးဖို၏အားသာချက်မှာ ထွက်ရှိလာသော အပူစွမ်းအင်သည် အမြင့်ဆုံး အပူချိန် ၁၀၀၀ဒီဂရီစင်တီဂရိတ်အထိရရှိစေပြီး ထွက်ရှိလာသောဓာတ်ငွေ့သည် အပူစွမ်းအင်များသာမက စက်အင်ဂျင်ကိုလည်ပတ်စေကာ လျှပ်စစ်စွမ်းအင်အဖြစ်ပါ အသုံးပြုနိုင်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၁၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ် လျော့နည်းကာ ကျန်ဒေသများတွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်မှာ မင်းဘူးမြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မအူပင်မြို့တွင် ၁ ဒသမ ၅၇လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ စစ်ကိုင်းမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၉၀လက်မနှင့် မန္တလေးမြို့တွင် ၀ ဒသမ ၇၁လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေလ ၁၇ရက် ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဟုမ္မလင်းမြို့ မြစ်နှာတံတားနှင့် ရေထိန်းနံရံတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ခန္တီးခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

ဒုတိယဗိုလ်ချုပ်ကြီးသာအေး လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မေ ၁၁ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

တက်ရောက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဟုမ္မလင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ဘိုးရာဇာခန်းမဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါခန်းမဖွင့်ပွဲသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တပ်မတော် အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရှေးဦးစွာ တပ်နယ်မှ တာဝန်ရှိသူ၊ ခန္တီးခရိုင် ဥက္ကဋ္ဌနှင့် ပညာရေးမှူးတို့က ခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များက ဘိုးရာဇာခန်းမ အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဆေးရုံတက်လူနာများအား ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းတို့ကို ပေးအပ်ကာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးထံ အလှူရှင်က အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဟုမ္မလင်းမြို့ မြစ်နှာသစ်သားတံတားနှင့် ရေထိန်းနံရံတို့ကို ကြည့်ရှု စစ်ဆေးရာ ရှင်းလင်းဆောင်၌ မြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာက တံတားတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်း လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကာ တံတားတည်ဆောက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဟုမ္မလင်းမြို့နယ် အားကစားခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုး တိုးတက်မှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး ခရိုင်ဥက္ကဋ္ဌက ဖြည့်စွက် ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းပေးကာ လိုအပ်သည်များကို မှာကြား သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက မြစ်နှာတံတားတည်ဆောက် ရေးလုပ်ငန်းအတွက် ထောက်ပံ့ငွေများနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာအထက် တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း များမှ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများကို တာဝန်ရှိသူများအား လည်းကောင်း၊ တိုင်းမှူးက ဆရာ ဆရာမ များအတွက် ကျောင်းဝတ်စုံများနှင့် လူမှုရေး အသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်း များကို တာဝန်ရှိသူများအားလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် နယ်မြေခံတပ်ရင်းရှိ ရော်ဘာခြံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဟုမ္မလင်းတပ်နယ်အသေးစား ရေအားလျှပ်စစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တပ်နယ်မှ တာဝန်ရှိသူများနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ် ချက်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဟုမ္မလင်းမြို့ ကောယား ကျေးရွာအုပ်စု ကြေးတိုင်ပြင်ကွင်း၌ ခြံပိုင်ရှင်ဦးဖိုးတာ၏ ရော်ဘာစိုက်ခင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ခန္တီးခရိုင် ဥက္ကဋ္ဌက ဟုမ္မလင်းမြို့နယ်၏ ရော်ဘာ စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်း ကောင်း၊ ခြံပိုင်ရှင်က ရော်ဘာစိုက်ပျိုး ထားရှိမှုအခြေအနေနှင့် ဆက်လက်စိုက်ပျိုး သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကိုမှာကြားကာ ရော်ဘာပင်များကို လိုက်လံကြည့်ရှု စစ်ဆေး သည်။

ဂရုစိုက်ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဟုမ္မလင်း-ဖောင်းပြင်ကား လမ်းရှိ ဥရုတံတားကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဥရုချောင်းရေတိုက် စားမှုကို အမြဲကြည့်ရှုစစ်ဆေးပြီး တံတား ရေရှည်ကြံ့ခိုင်အောင် အမြဲဂရုစိုက်ဆောင် ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဟုမ္မလင်းမြို့နယ် နောင်ပို အောင်စံပြ ကျေးရွာ ၁၆ခုတင်ဆံ့ ကိုယ့် အားကိုယ်ကိုး တိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်း အနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တပ်နယ်မှ တာဝန်ရှိသူ၊ ခရိုင်ဥက္ကဋ္ဌနှင့် ဒုတိယတိုင်းကျန်းမာရေး ဦးစီး ဌာနမှူးတို့က တိုက်နယ်ဆေးရုံမုခ်ဦး ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက တိုက်နယ်ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် တိုက်နယ် ဆေးရုံကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ နှင့် ထောက်ပံ့ ပစ္စည်းများကို ပေးအပ်သည်။

ရေအားလျှပ်စစ်စီမံကိန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် နိမ့်တလုံး အသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည့် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံ အင်ဂျင်နီယာက နိမ့်တလုံး အသေးစား ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများ နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ် ချက်များကိုမှာကြားကာ စီမံကိန်း တည် ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆေးရုံတည်ဆောက်မှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် ရွှေပြည် အေးမြို့ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်နေသည့် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စွမ်းအားဆောက်လုပ်ရေး ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာက ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကိုမှာကြားကာ ဆေးရုံတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေး သည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ရွှေပြည်အေးမြို့ အခြေခံ ပညာ အထက်တန်းကျောင်းကိုလည်း ကောင်း၊ စွန့်ပစ်သစ်သား လောင်စာသုံး ဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံကိုလည်း ကောင်း၊ လမ်းဖြစ်ဆည်ဖြစ် ရေလှောင်တမံ ပြုလုပ်မည့်နေရာကိုလည်းကောင်း လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ရွှေပြည်အေးမြို့ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ အား တွေ့ဆုံသည်။

ဆက်လက်၍ တိုင်းမှူးက ရွှေပြည် အေး အခြေခံပညာအထက်တန်းကျောင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် နိုင်ရန် ထောက်ပံ့ငွေများကို တာဝန်ရှိသူ များအား ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ရွှေပြည်အေးမြို့ ဒေသခံ ပြည်သူများအတွက် ဘိုင်အိုဘက်ထရီနှင့် ဆက်စပ်မီးချောင်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မော်တော်ယာဉ်ဖြင့် ဟုမ္မလင်း-ဖောင်းပြင်လမ်းအတိုင်း ထွက်ခွာ လာပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ အားတွေ့ဆုံ၍ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်စီးပွားရေး လိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

စီးပွား/ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ် ရန်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းသို့လာရောက်၍ တွေ့ဆုံနှုတ်ဆက်ကာ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူး၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်ဦးနှင့် ရုံးအဖွဲ့မှူး ဦးအောင်နိုင်ဦးတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီ တာဝန်ခံ Mr. Md Golam Mostafa၊ စစ်သံမှူး Brig Gen, A.N.M Shawkat Jamal, ndc, psc နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တိုင်းပြည်၏ မြင့်မားလာသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ပြင်းပြင်းထန်ထန် ကြိုးပမ်းဖော်ဆောင်နေ

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းစီမံမှုများအတိုင်း လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့ ပိုမိုဖွံ့ဖြိုး တိုးတက်လာသည်နှင့် အမျှ ရှေ့အနာဂတ်တွင် ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း ပိုမိုတိုးတက်လာမည်၊ ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစေပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးကို အာမခံမည်ဖြစ်၊ ထို့အတူ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီးအဖြစ် တလုံးတစည်းတည်း ရပ်တည်မှုတို့ကလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာရေးကို ဧရှည်အကျိုးပြုမည်ဖြစ်။

စာမျက်နှာ ၃ မှ

ဧရာဝတီမြစ်ဝှမ်းတွင် အကျုံးဝင်သော စီမံကိန်းများပင်ဖြစ်ကြောင်း၊ **ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ခြေရှိသည့် ရေအရင်းအမြစ်များ၏ အခြေအနေအရ နိုင်ငံတော်၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၃၄၀၀ကျော် ထုတ်လုပ်နိုင်သည်ဟု ပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြောင်းကို စိစစ်တွေ့ရှိရကြောင်း၊ ယနေ့အထိ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် ရေအားလျှပ်စစ်စက်ရုံများက ထုတ်လုပ်နိုင်အားသည် မဂ္ဂါဝပ် ၁၄၀၀ကျော်ရှိပြီး တည်ဆောက်ဆဲစီမံကိန်း ၃၅ခုက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၃၂၉၀၀ကျော် ထုတ်လုပ်နိုင်အား ရှိမည်ဖြစ်ကြောင်း။**

ထို့ကြောင့် တည်ဆောက်ပြီးသည့် ရေအားလျှပ်စစ်စက်ရုံများ၏ စက်တပ်ဆင်အင်အားသည် တစ်နိုင်ငံလုံးတွင် ထုတ်လုပ်နိုင်သော ရေအားလျှပ်စစ်ဓာတ်အားပမာဏ၏ ၃ ရာခိုင်နှုန်းကျော်သာရှိပြီး တည်ဆောက်ဆဲစီမံကိန်းများပြီးသွားလျှင် တစ်နိုင်ငံလုံး၏ ထုတ်လုပ်နိုင်သည့် ဓာတ်အား၏ ၇၉ ရာခိုင်နှုန်းခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံသည် လောလောဆယ် အခြေအနေအရ လျှပ်စစ်ဓာတ်အား မလောက်မငဖြစ်နေသော နိုင်ငံအဖြစ်မှ လျှပ်စစ်ဓာတ်အား ဖူလုံသည့်အပြင် ပိုလျှံပြီး ပြည်ပသို့ရောင်းချနိုင်သောနိုင်ငံအဖြစ် မဝေးကွာသည့် အနာဂတ်တွင် ပြောင်းလဲဖြစ်ပေါ်လာမှာ သေချာလျက်ရှိကြောင်း။

အကျိုးတူပူးပေါင်းတည်ဆောက်

အကြီးစား ရေအားလျှပ်စစ်စီမံကိန်းများ၏ တည်ဆောက်ချိန်ကာလ ရှည်ကြာမှုနှင့် များပြားလှသည့် ရင်းနှီးမြှုပ်နှံမှုတို့အရ အချို့စီမံကိန်းများကို ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်အတတ်ပညာများဖြင့် တည်ဆောက်လျက်ရှိသကဲ့သို့ အချို့စီမံကိန်းများကိုလည်း အရင်းအနှီးတတ်နိုင်သော မိတ်ဆွေနိုင်ငံများနှင့် အကျိုးတူပူးပေါင်း တည်ဆောက်နေရခြင်းမျိုးလည်း ရှိကြောင်း။

ရေအားလျှပ်စစ်စီမံကိန်း တစ်ခုပြီးရန်အတွက် အချိန်ကာလပေးပြီး စောင့်ဆိုင်းရသည့်နည်းတူ စီမံကိန်းပြီးစီးသွားသောအခါ အဆိုပါ ဓာတ်အားစက်ရုံများက ထုတ်လုပ်ပေးလိုက်သည့် လျှပ်စစ်ဓာတ်အားများကို သယ်ပို့ရမည့် မဟာဓာတ်အားလိုင်းကြီးများ၊ ထိုမှတစ်ဆင့် သုံးစွဲသူများထံပေးပို့သည့် ဖြန့်ဖြူးရေးလိုင်းများနှင့် လိုအပ်သော ဓာတ်အားခွဲရုံအမျိုးမျိုးကို တိုးချဲ့တည်ဆောက်ရခြင်းများ၊ အဟောင်းများကို ခေတ်နှင့်ညီအောင် ထပ်ဆင့်ပြုပြင် မွမ်းမံရခြင်းများသည်လည်း အဆင့်မြင့်နည်းပညာရပ်များနှင့်ယှဉ်ပြီး ရင်းနှီးလုပ်ကိုင်ရသည့် လုပ်ငန်းကြီးများဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့အနီးရှိ ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

တစ်ဖက်တွင်လည်း ပြည်သူများ၏ ပြောင်းလဲတိုးတက်လျက်ရှိသည့် လူနေမှုအဆင့်အတန်းအရရော၊ စက်မှုလုပ်ငန်းများ တိုးတက်များပြားလာမှုအရပါ တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ မြင့်မားလာလျက်ရှိကြောင်း။

ကြိုးပမ်းအကောင်အထည်ဖော်

နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏ မြင့်မားလာသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ပြင်းပြင်းထန်ထန် ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ ယခင်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တစ်ခုတည်းရှိရာမှ ယခုဆိုရင် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လျှပ်စစ်ဓာတ်အား သယ်ယူဖြန့်ဖြူးသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဆိုပြီး ဝန်ကြီးဌာနနှစ်ခု ဖွဲ့စည်းတာဝန်ယူပေး၍ ဖိဖိစီးစီး ကြိုးပမ်းနေခြင်းဖြစ်ကြောင်း၊ လောလောဆယ်ကြုံတွေ့နေရသည့် မပြည့်စုံမှုများကို ပြည့်စုံအောင် ကြိုးပမ်းလုပ်ကိုင်ရာ၌ အခက်အခဲများကို ရှန်းကန်ကျော်လွှားရမြဲဖြစ်သော်လည်း အနာဂတ်နှင့်ယှဉ်ပြီး ပြောရမည်ဆိုလျှင် နိုင်ငံတော်၏အနာဂတ်တွင် လျှပ်စစ်ဓာတ်အားများဖြင့် ထွန်းလင်းနေမှာ သေချာနေပြီး“လျှပ်စစ်ဖြင့် လောကနိဗ္ဗာန် တည်ဆောက်အံ့” ဆိုသော တစ်ချိန်တစ်ခါက ကြွေးကြော်သံသည် လက်တွေ့သက်ဝင် အကောင်အထည်ပေါ်လာတော့မည် ဖြစ်ကြောင်း။

ယင်းကဲ့သို့ အခြေအနေတွင် ပြည်သူများအပိုင်းက နိုင်ငံတော်အစိုးရ၏ လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်ချက်များအပေါ် မှန်မှန်ကန်ကန် နားလည်တုံ့ပြန်ပြီး မိမိတို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရင်း နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပိုမိုတိုးတက်၊ ပိုမိုခိုင်မာအောင် ဝိုင်းဝန်းကြိုးပမ်း အထောက်အကူပြုရန် လိုအပ်ကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ရွှေလီဓာတ်အားစက်ရုံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အပါအဝင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ တိုးမြှင့်ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ရွှေလီသည် စိတ်ကူးယဉ်ထဲမှာရှိသည့် စီမံကိန်းမျိုးမဟုတ်ဘဲ လက်တွေ့အကောင်အထည် ပေါ်နေပြီဖြစ်သော လျှပ်စစ်စက်ရုံကြီးအဖြစ် မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်ကြောင်း။

ရုပ်လုံးပေါ်လာ

ထိုနည်းတူစွာပင် ကျိုင်းတောင်းစီမံကိန်း၊ ပေါင်းလောင်းစီမံကိန်း၊ ရဲရွာစီမံကိန်း၊ မုန်းစီမံကိန်း၊ ချင်းတွင်းမြစ်ဝှမ်းစီမံကိန်းတို့သည် တစ်ချိန်တစ်ခါက စိတ်ကူးစိတ်သန်းအဆင့်သာ ဖြစ်ခဲ့ရာမှ ယနေ့လက်တွေ့ကျကျ ရုပ်လုံးပေါ်လာနေပြီဖြစ်ကြောင်း၊ ယခုထက် ပိုမိုကြီးမားသည့် စီမံကိန်းများသည်လည်း တစ်ခုပြီးတစ်ခု ရုပ်လုံးပေါ်လာဦးမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် လျှပ်စစ်စွမ်းအားကဏ္ဍတွင် ပြည့်စုံလုံလောက်အောင် မဆုတ်မနစ် ကြိုးပမ်းနေသကဲ့သို့ ကျန်ကဏ္ဍများဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍတို့တွင်လည်း ပြုပြင်ထူထောင်စရာရှိသည်များကို ဦးတည်ချက်ရှိရှိ လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဘက်စုံ ကဏ္ဍစုံကို ပြုပြင်တည်ဆောက်နေသကဲ့သို့ ပြည်ထောင်စုကြီး၏ ဒေသအားလုံးကိုလည်း မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးစည်ပင်

ထို့ကြောင့်လည်း ယနေ့ရှမ်းပြည်နယ်သည် တစ်ချိန်တစ်ခါက သေနတ်သံ၊ ဗုံးသံများဖြင့် မတည်မငြိမ်သည့်ဒေသမျိုးမဟုတ်တော့ဘဲ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်တွင်ရောက်နေသော တည်ငြိမ်အေးချမ်းစည်ပင်သည့် နယ်မြေဒေသ ဖြစ်နေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့ တိုးတက်သာယာနေသကဲ့သို့ လားရှိုးမြို့နှင့် ကျိုင်းတုံမြို့ တို့သည်လည်း အပြိုင်တိုးတက် စည်ပင်ဝပြောလျက်ရှိကြောင်း၊ မူဆယ်မြို့၊ လောက်ကိုင်မြို့၊ တာချီလိတ်မြို့၊ မိုင်းလားမြို့ စသည့်နယ်စပ်မြို့များသည်လည်း မြို့ကြီးပြကြီးများနှင့်အပြိုင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်မြင်ပင်ဖြစ်ကြောင်း၊ အထူးသဖြင့် လားရှိုးမြို့နှင့် မူဆယ်မြို့များသည် နယ်စပ်ဒေသကုန်သွယ်ရောင်းဝယ်မှု၏ အချက်အချာဒေသများအဖြစ် ဖွံ့ဖြိုးစည်ပင်လျက်ရှိကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့အထိ ရေအားလျှပ်စစ်စက်ရုံပေါင်း ၁၃ ရုံ တည်ဆောက်ပြီးဖြစ် တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းပေါင်း ၃၅ ခုရှိ

ရွှေလီ(၁) ရေအားလျှပ်စစ် စက်ရုံ

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ အနီးရှိ ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။

(သတင်းစဉ်)

ယနေ့ဆိုလျှင် တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍစုံတွင် လိုအပ်သော အခြေခံကောင်းများကို ပြည့်စုံလုနီးပါး တည်ဆောက် ထူထောင်ပြီးဖြစ်သည့်အတိုင်း နိုင်ငံရေးပိုင်းအရ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းအစီအစဉ်များကို ချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေပြီဖြစ်၊ ယခုဆိုလျှင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်ခဲနက် အတည်ပြုခဲ့ပြီးသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ပြည့်နှစ်တွင် ရွေးကောက်ပွဲများ ကျင်းပမည့် ပဉ္စမအဆင့်ကို အကောင်အထည်ဖော်တော့မည်။

ထို့အတူ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြေပြန့်အတွင်းပိုင်းဒေသတို့အကြား အပြန်အလှန် ကူးသန်းသွားလာ ကုန်စည်ပို့ဆောင်မှုများသည် လွယ်လင့်တကူ လုံခြုံမြန်ဆန် သွက်လက်လျက်ရှိကြောင်း၊ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးနည်းတူ လားရှိုး-တန့်ယန်းလမ်း၊ လားရှိုး-လောက်ကိုင်လမ်းများသည်လည်း တိုးတက်ကောင်းမွန် ချောမွေ့နေပြီဖြစ်ကြောင်း။

အလားတူ လားရှိုးဒေသ၏ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများသည်လည်း များစွာတိုးတက်ပြောင်းလဲနေပြီဖြစ်ကြောင်း၊ အဆင့်မြင့်ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆင့်မြင့်ဆေးရုံများသည်လည်း ခံ့ညားထည်ဝါစွာ အစီအရီ ရပ်တည်လျက်ရှိကြောင်း။

သိသိသာသာတိုးတက်

တစ်ချိန်တစ်ခါက ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ဆန်စပါး အမာခံရိက္ခာမဖူလုံသည့်အတွက် မြေပြန့်ဒေသမှ ဆန်ကို အားကိုးနေခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအခါ ကိုယ့်ဒေသအတွင်း၌ ဆန်စပါးများ သိသိသာသာ တိုးတက်ထွက်ရှိလာသည့်အတွက် ဒေသတွင်း စားနပ်ရိက္ခာဖူလုံသော အနေအထားကို ပြောင်းလဲရောက်ရှိ တိုးတက်နေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ တိုးတက်ဖွံ့ဖြိုးမှုတို့သည် ရှမ်းပြည်နယ်၌သာမက အခြားပြည်နယ်၊ တိုင်းများတွင်ပါ မျက်ဝါးထင်ထင် မြင်တွေ့ခံစားနေရပြီဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်းအားလုံးသည် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်နေကြသည့်အတွက် ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြဲနိမ့်မြင့် ကွာဟမှုများသည် လျော့နည်းသည်ထက် လျော့နည်းပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည် တိုးတက်မြင့်မားလာလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းစီမံမှုများအတိုင်း လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့ ပိုမိုဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ရှေ့အနာဂတ်တွင် ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစေပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးကို အာမခံမည်ဖြစ်ကြောင်း၊ ထို့အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီးအဖြစ် တလုံးတစည်းတည်း ရပ်တည်မှုတို့ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာရေးကို ရေရှည်အကျိုးပြုမည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁

စာမျက်နှာ ၉ မှ

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ ဒေသအသီးသီး ဖွံ့ဖြိုးရေး၊ နိုင်ငံတော်တစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရေးတို့အတွက် ရုပ်ပိုင်းဆိုင်ရာအရရော၊ စိတ်ဓာတ်ပိုင်းဆိုင်ရာအရပါ အစီအမံများ ချမှတ်ပြီး မဆုတ်မနစ် ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ အားထုတ်ဆောင်ရွက်ကြသည်နှင့်အမျှ မျှော်မှန်းထားသော ယင်းအသီးအပွင့်များကို ပိုင်ပိုင်နိုင်နိုင် ရရှိခံစားကြရမည်ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍစုံတွင် လိုအပ်သော အခြေခံကောင်းများကို ပြည့်စုံလုနီးပါး တည်ဆောက်ထူထောင်ပြီးဖြစ်သည့်အတိုင်း နိုင်ငံရေးပိုင်းအရ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်း အစီအစဉ်များကို ချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်ခဲနက် အတည်ပြုခဲ့ပြီးသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ပြည့်နှစ်တွင် ရွေးကောက်ပွဲများ ကျင်းပမည့် ပဉ္စမအဆင့်ကို အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း။

အသွင်ကူးပြောင်းရေး လုပ်ငန်းအစီအစဉ်များအတိုင်း ချောမွေ့အောင်မြင်စွာ ပြည့်စုံအောင် အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် အမွေခံကောင်း၊ အခြေခံကောင်းများဖြင့် ပြည့်စုံသည့် စည်းလုံးခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံကြီးကို တည်ဆောက်အကောင်အထည်ဖော်ခဲ့ကြသည့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သက်ဆိုင်ရာတည်ဆောက်ရေးကုမ္ပဏီနှင့် ကျွမ်းကျင်သူအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းနှင့် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံကြီးသည် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို ရေရှည်အခိုင်အမာ သက်သေပြနေမည်ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

အောင်မြင်စွာကျော်ဖြတ်နိုင်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Member of the leadership of Huaneng Group Mr.Kou Wei က အမှာစကားပြောကြားရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူလူထုအကြား ချစ်ကြည်ရေး ထူထောင်နိုင်ခဲ့သည်မှာ အခွန့်ရှည်ကြာခဲ့ပြီဖြစ်ကြောင်း၊ ၁၉၅၀ခုနှစ်မှ စတင်ခဲ့သော တရုတ်-မြန်မာချစ်ကြည်ရေးသည် ယနေ့အထိ တည်တံ့ရှည်ကြာလျက်ရှိကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်း BOT ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ကြောင်း၊ ရွှေလီ(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် လတ်တလောမြန်မာနိုင်ငံ၏ အကြီးဆုံး ရေအားလျှပ်စစ်စက်ရုံတစ်ခုလည်းဖြစ်ကြောင်း၊ အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုများကြောင့် လုပ်ငန်းအခက်အခဲများစွာကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ၂၀၀၆ခုနှစ် ဇူလိုင်လမှ ၂၀၀၉ခုနှစ် ဧပြီလအထိ တိုတောင်းလှသည့် နှစ်နှစ်ကိုးလအချိန်ကာလအတွင်း စက်ခြောက်လုံးကို အောင်မြင်စွာလည်ပတ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ခြင်းဖြင့် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမို ဖြစ်ထွန်းစေခဲ့ပါကြောင်းဖြင့် ပြောကြားသည်။

ဝမ်းသာပီတိဖြစ်

ယင်းနောက် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံကို နိုင်ငံတော်ကတည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် တိုင်းရင်းသားပြည်သူများကိုယ်စား ဒေသခံပလောင် တိုင်းရင်းသား ဦးဆန်ပူးက ကျေးဇူးတင်စကားပြောကြားရာတွင် မိမိကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့က ဒေသခံပလောင် တိုင်းရင်းသား ဦးဆန်ပူးဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကျေးဇူးတင်စကားပြောခွင့်ရသည့်အတွက် လွန်စွာဝမ်းသာပီတိ ဖြစ်ရပါကြောင်းကို ဦးစွာတင်ပြအပ်ပါကြောင်း။

ယနေ့သည် မိမိတို့ဒေသသာမက နိုင်ငံတော်အတွက်ပါ လျှပ်စစ်စွမ်းအင်ကို အကြောင်းပြုပြီး လူနေမှုဘဝမြင့်မားတိုးတက်လာတော့မည့် အတိတ်ကောင်း နိမိတ်ကောင်းများ ဆောင်ကြဉ်းလာသော နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ မိမိတို့ဒေသသည် နှစ်ပေါင်း ၄၀ကျော် တည်ငြိမ်အေးချမ်းမှုမရှိသည့်အဖြစ်ကို ခံစားခဲ့ရကြောင်း၊ ယင်းကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အဘက်ဘက်မှ နောက်ကျခဲ့ရသကဲ့သို့ အပြစ်မဲ့သည့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်အများအပြားလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ယခုအချိန်တွင် မိမိတို့ဒေသသည် တည်ငြိမ်းအေးချမ်းမှုကို အပြည့်အဝ ရရှိခံစားနေရပြီဖြစ်သည့်အတွက် ယခုကဲ့သို့ ရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ဆည်၊ တမံ၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ရရှိခံစားနေရပြီဖြစ်ပါကြောင်း၊ ယခင်ကကဲ့သို့ ကျီးလန့်စာစားဘဝမျိုး မဟုတ်တော့ဘဲ အေးချမ်းစွာနေရပြီဖြစ်သည့်အတွက် အတိတ်ကကဲ့သို့ မတည်ငြိမ်သည့်ကာလကို ပြန်လည်မရောက်ရှိလိုတော့ပါကြောင်း။

ရောင်းဝယ်ဖောက်ကား

မိမိတို့၏ ဘိုးဘေးဘီဘင်များလက်ထက်ကစပြီး ယခုရွှေလီမြစ်ရေကနေ ပြည့်ဝမ်းစာအတွက် ကောက်နှံစပါးစိုက်ပျိုးမှုများ၊ ကူးလူးယှက်သွယ် ရောင်းဝယ်ဖောက်ကားမှုများကို မိမိတို့လက်ထက်အထိ ကြည်နူးဝမ်းသာစွာ လက်ခံရရှိခဲ့ကြပါကြောင်း၊ ယင်းရွှေလီမြစ်ရေကြည် ဖြတ်သန်းစီးဆင်းရာဒေသဝဲယာ၌လည်း တစ်ဧကတင်း ၂၀၀ကျော်ထွက်သည့် လယ်တောများက မျက်စိတစ်ဆုံးရှိနေကြောင်း၊ မကြာခင်ရက်ပိုင်းကပင် မိမိတို့ဒေသ၌ ၂၂၂ စင်းမြောက် ရွှေလီမြစ်ကူးကြိုးတံတားကို မိမိတို့တိုင်းရင်းသားများအားလုံး ပျော်ရွှင်စည်ကား သိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့ကြကြောင်း။

ယခုလည်း အလင်းဓာတ် တစ်နည်းအားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိစေမည့် လျှပ်စစ်စွမ်းအင်ကိုပါ ထုတ်ယူသုံးစွဲခွင့်ရရှိလာ၍ လူနေမှုအဆင့်မြင့်မားရုံမျှမက စက်ရုံအလုပ်ရုံကြီးများ၊ စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ ဒေသတိုင်း၌ ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ မှောင်မိုက်ည အမှောင်ဖုံးကာလများ ကုန်ဆုံးပြီး အလင်းဓာတ်များ ပြန့်ကြဲတောက်ပနေမည့် နေ့သစ်ကိုရောက်လာ၍ မိမိတို့အားလုံး ဝမ်းသာဂုဏ်ယူလို့မဆုံးပါကြောင်း။

ယခင်ကာလများက မိမိတို့ဒေသ၌ ဒီဇယ်သုံး လျှပ်စစ်ဓာတ်အားပေးစက်များနှင့် အတူ နမ်းမျှော်ရေအားလျှပ်စစ်၊ နမ့်စောင်းငေါင်းရေအားလျှပ်စစ်များဖြင့်သာ အလင်းရောင်ကို မျှဝေသုံးစွဲခဲ့ရကြောင်း၊ စက်ရုံကနေ လျှပ်စစ်မီးရပြီး အချိန် မိမိတို့ဒေသ၌ ၂၄ နာရီ မီးအပြည့်အဝ သုံးစွဲလျက်ရှိနေပြီ ဖြစ်ကြောင်း၊ ပိုလျှံလျှပ်စစ်ဓာတ်အားများကိုလည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး မျှဝေသုံးစွဲနေကြပြီဖြစ်ကြောင်း၊ ထို့မျှမက ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင် အားလုံးသုံးစွဲနိုင်အောင် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေကြောင်း သိရှိရသည့်အတွက်များစွာဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် လျှပ်စစ်စွမ်းအင်များကို ပေးဆပ်နိုင်ပါတော့မည်ဖြစ်ပြီး လူနေမှုဘဝ တိုးတက်မြင့်မားရုံမက နိုင်ငံတော်၏ စက်မှုစွမ်းအားကို မြှင့်တင်နိုင်တော့မည်ဖြစ်၍ များစွာကျေးဇူးကြီးမားလှပါကြောင်း။

ဒေသခံ ပြည်သူများ၏ ကျေးဇူးတင်စကား

စက်ရုံကနေ လျှပ်စစ်မီးရပြီးအချိန် မိမိတို့ဒေသ၌ ၂၄နာရီ မီးအပြည့်အဝသုံးစွဲလျက်ရှိနေပြီဖြစ်၊ ယခုဆိုလျှင် နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် လျှပ်စစ်စွမ်းအင်များကို ပေးဆပ်နိုင်တော့မည်ဖြစ်ပြီး လူနေမှုဘဝ တိုးတက်မြင့်မားရုံမက နိုင်ငံတော်၏ စက်မှုစွမ်းအားကို မြှင့်တင်နိုင်တော့မည် ဖြစ်၍ များစွာ ကျေးဇူးကြီးမားလှ။

ထို့ကြောင့် မိမိတို့ဒေသခံပြည်သူများအနေဖြင့် အနာဂတ်တွင် နိုင်ငံဖွံ့ဖြိုး တိုးတက်အောင်၊ သားစဉ်မြေးဆက် အေးချမ်းသာယာသော ဘဝအခြေအနေအဖြစ် တည်ဆောက်နိုင်အောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် Member of the leadership of Huaneng Group မှ Mr.Kou Wei တို့က ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ မင်္ဂလာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး၌တည်ရှိပြီး ရွှေလီမြစ်ပေါ်တွင် ရေထိန်းတမံတစ်ခုတည်ဆောက်၍ ရေသွယ်ဥမင်လိုဏ်ဖြင့် ရေကိုသွယ်ယူကာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၆၀၀ရှိ ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၀၂၂ကို ဓာတ်အားကွန်ရက်မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းလွဲပိုင်းတွင် လားရှိုး လေဆိပ်ဧည့်ခန်းမ၌ လားရှိုးမြို့မှ မြို့မိမြို့ဖများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

အခိုင်အမာတည်ဆောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် တစ်ချိန်က လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အစိုးရအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရရှိအောင် အခိုင်အမာတည်ဆောက်ခဲ့ရကြောင်း၊ ထိုသို့တည်ဆောက်နိုင်ခဲ့၍ ယခုအခါ ဤဒေသတွင် တည်ငြိမ် အေးချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်မှုများမှာလည်း စိတ်ကူးယဉ်အိပ်မက်ကို လက်တွေ့မြင်တွေ့ရသကဲ့သို့ များစွာတိုးတက် ကွာခြားပြောင်းလဲသွားခဲ့ပြီဖြစ်ကြောင်း၊ ဤကဲ့သို့ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းသွားရန်မှာ ပြည်နယ်သူ ပြည်နယ်သားတို့၏ အရေးကြီးဆုံး တာဝန်ပင်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို တည်ဆောက်ပေးနေခြင်းဖြစ်ပြီး ထိုအခြေခံ ကောင်းများအပေါ်မှတည်၍ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဆက်စပ် အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လျှောက်လှမ်းရမည့် ခရီးလမ်းဖြစ်သည့် ၂၀၁၀ပြည့်နှစ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးက ပါဝင်ပူးပေါင်း ဆောင်ရွက်သွားရန် စသည်ဖြင့် အသေးစိတ်မှာကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လှည့်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌH. E.Mr. Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား မေ ၁၄ ရက် ညနေ၅နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး အစည်းအဝေးခန်းမသို့ လာရောက်၍ တွေ့ဆုံဆွေးနွေးသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးအောင်သိန်းလင်း၊ ဦးသန်းဌေးနှင့် ဦးမောင်ပါ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အဖ နိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ချူကုန်းဖုန်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်များ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူတို့နှင့်အတူ ဝိုင်းဝန်း ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံ အဖွဲ့အစည်းများအတွင်း အပြန်အလှန် ဆက်သွယ်မှု တိုးမြှင့်ခြင်းဖြင့် ပိုမိုချစ်ကြည်ရင်းနှီးမှု ဖြစ်ထွန်းစေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဧည့်သည်တော်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam က အဖနိုင်ငံတော်တပ်ဦး(VFF)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဆောင်ရွက်ချက်များသည် အောင်မြင်မည်ဟု ယုံကြည်ပါကြောင်းနှင့် နှစ်နိုင်ငံအဖွဲ့အစည်းများ အစဉ်ပိုမို ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဧည့်သည်တော် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr. Huynh Dam တို့သည်အမှတ်တရအထိမ်းအမှတ်လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြပြီး အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ရန်ကုန်ယူနိုက်တက်ပွဲဦးထွက်မျက်နှာပန်းလှ ဇေယျာရွှေမြေကို ခြေအသာ၊ ဂိုးအသာဖြင့် အနိုင်ယူပြီး သုံးမှတ်စတင်ရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် | စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၆

MNL Cup Grand Royal 2009 ဘောလုံးပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ကို ယနေ့ညနေ၄နာရီက သုဝဏ္ဏကွင်းမှာ ကျင်းပရာ ရန်ကုန်တိုင်းကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C က စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေ F.C ကို လေးဂိုးပြတ်ဖြင့် အနိုင်ယူပြီး ပွဲဦးထွက်နိုင်ပွဲစတင်ရရှိသွားခဲ့ပါတယ်။

MNL Cup ဘောလုံးပြိုင်ပွဲ၏ ဆုဖလား။ (မြန်မာ့အလင်း)

ရန်ကုန်ယူနိုက်တက် F.C - လေးဂိုး
ဇေယျာရွှေမြေ F.C - ဂိုးမရှိ

အခုပွဲကတော့ မမျှော်လင့်ဘဲ ဂိုးပြတ်သွားတဲ့ ပွဲဖြစ်ပါတယ်။ ကစားသမားအင်အားပိုင်းအရ ကွာခြားမှု မရှိခဲ့ပေမယ့် မြို့ခံပရိသတ်တွေရဲ့ တစ်ခဲနက်

ပွဲဦးထွက်၌ ကျပ်ငါးသိန်း အကောင်းဆုံးဆု ဆွတ်ခူးသူ ရန်ကုန်ယူနိုက်တက်မှ မျိုးမင်းထွန်း။ (မြန်မာ့အလင်း)

အားပေးမှုဟာ ရန်ကုန်ယူနိုက်တက် F.C ကို ဂိုးပြတ်အနိုင်ရစေသည်အထိ အင်အား တွေဖြစ်စေခဲ့ပါတယ်။ ဒီနေ့ ပရိသတ်တွေရဲ့ အားပေးမှုကတော့ မြန်မာ့ဘောလုံးလောကအတွက် ကျေနပ်စရာကောင်းတာ အမှန်ဖြစ်ပြီး နောက်ပွဲတွေမှာလည်း အခုလို တစ်ခဲနက်လာရောက်အားပေးကြမယ်ဆိုရင် ပွဲတိုင်းဟာ ပိုအကြိတ်အနယ် အသေအချာပါပဲ။

ပွဲသိမ်းဂိုး

ရန်ကုန်ယူနိုက်တက် F.Cဟာ အခုပွဲမှာ ဂိုးပြတ်အနိုင်ရလဒ်နဲ့ ထိုက်တန်ကြောင်းကို ခြေစွမ်းအရ ပြသနိုင်ခဲ့ပါတယ်။ ဂိုးသမား အောင်အောင်ဦးနဲ့ နောက်ခံလူ ဌေးအောင် ဦးဆောင်တဲ့ခံစစ်ပိုင်း အမှားအယွင်း မရှိခဲ့သလို စိုးလင်းထွန်း၊ တင်ဝင်းအောင်၊ မျိုးမင်းထွန်းနဲ့ ကြည်လင်းတို့ရဲ့ ကွင်းလယ်ဟာ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ အထူးသဖြင့် အခုပွဲမှာ ခြေစွမ်း ပြသွားတာကတော့ တောင်ပံ ကစားသမားတွေဖြစ်တဲ့ မျိုးမင်းထွန်းနဲ့ ကြည်လင်းတို့ပဲ ဖြစ်ပါတယ်။

ပြည်ပကစားသမားတွေကို ပထမဦးဆုံး စာချုပ်ချုပ်ဆို ခေါ်ယူခဲ့တဲ့ ရန်ကုန်ယူနိုက်တက် F.C ဟာ ဒီနေ့ပွဲမှာ ကင်မရွန်းတိုက်စစ်မှူး မက်ဆီပိုကိုသာ အသုံးပြုသွားခဲ့ပြီး မက်ဆီပိုကလည်း အသင်းအတွက် ပွဲသိမ်းဂိုးကို ပညာသားပါပါ သွင်းယူပေးခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက် F.Cဟာ ပထမပိုင်းကတည်းက ဂိုးရနိုင်ဖို့ အခွင့်အရေးတွေ ရခဲ့ပေမယ့် ဇေယျာရွှေမြေ ဂိုးသမားဇော်မိုးထက် လက်စွမ်းပြနေလို့ ဂိုးမရခဲ့ပါဘူး။ ဒါပေမယ့် ဒုတိယပိုင်းမှာကတော့ ဇေယျာရွှေမြေ F.C ခံစစ်ပိုင်း အားနည်းမှုကို အခွင့်ကောင်းယူပြီး ဂိုးတွေ ဆက်တိုက်သွင်းနိုင်ခဲ့ပါတယ်။ ၄၆ မိနစ်မှာ မျိုးမင်းထွန်း၊ ၇၁မိနစ်နဲ့ ၈၄မိနစ်မှာ ကြည်လင်းနဲ့ ၈၆ မိနစ်မှာ မက်ဆီပိုတို့က သွင်းယူခဲ့ပါတယ်။

အဖွင့်မလှ

ဇေယျာရွှေမြေအတွက် အဖွင့်မလှတဲ့ ပွဲလို့ ဆိုရမှာဖြစ်ပြီး ဒီနေ့ပွဲမှာ ခြေစွမ်း မပြနိုင်သလို ဂိုးပြတ်လည်း သွင်းခံခဲ့ရပါတယ်။ နောက်တန်းမှာ အားထားရတဲ့ ကစားသမား ဇော်လင်းထွန်း-၂ မပါနိုင်လို့ သိသိသာသာ အားပျော့ခဲ့ပြီး လေးဂိုးအထိ သွင်းခံခဲ့ရပါတယ်။ ဒါ့အပြင် အမာခံတွေဖြစ်တဲ့ ရာဇာဝင်းသိန်းနဲ့ အောင်မျိုးသန့်တို့ အသေးစားဒဏ်ရာတွေကြောင့် ရာခိုင်နှုန်းပြည့် မကစားနိုင်တာ၊ အဆုံးသတ်အားနည်းခဲ့တာတွေက အသင်းကို ကံဆိုးသွားစေခဲ့ပါတယ်။ ရာဇာဝင်းသိန်း အပိုင်အခွင့်အရေးတွေကို လွဲချော်ခဲ့တာ ပွဲပြီးခါနီးမှာ ရရှိတဲ့ပယ်နယ်တီကို ကျော်ဌေးဦးဝင်းအောင်မသွင်းနိုင်ခဲ့တာကတော့ စိတ်ပျက်စရာပါပဲ။ နှစ်ဂိုးပေးထားရတဲ့ အချိန်မှာ အောင်မိုးရဲ့ အနီးကပ်ကန်သွင်းချက် ဘားထိထွက်သွားတာကတော့ ဇေယျာရွှေမြေရဲ့ အရှုံးကို သေချာသွားစေပါတယ်။ ပွဲဦးထွက် အဖွင့်မလှခဲ့တဲ့ ဇေယျာရွှေမြေကတော့ ပွဲကျပ်တွေနဲ့ ဆက်လက် ရှန်းကန်ရဦးမှာပါ။

စန္ဒီမြင့်လွင်၏ ဖျော်ဖြေမှုနှင့် ပရိသတ်၏ တစ်ခဲနက် အားပေးမှု။ (မြန်မာ့အလင်း)

ဆုချီးမြှင့်

ဒီနေ့ပွဲရဲ့ အကောင်းဆုံးဘောလုံးသမားဆုရ မျိုးမင်းထွန်း(ရန်ကုန်ယူနိုက်တက်)ကို Grand Royal မှ ကျပ် ငါးသိန်း၊ အနိုင်ရသွားတဲ့ ရန်ကုန်ယူနိုက်တက် F.C ကို ကမ္ဘောဇဘဏ်လီမိတက်က ကျပ်၁၀သိန်း ချီးမြှင့်ခဲ့ပါတယ်။ ဆုတွေကို IBTC မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်နဲ့ ကမ္ဘောဇအသင်း C.E.O ဦးမိုးဆန်းအောင်တို့က ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။

ပါဝင်ကစား

ရန်ကုန်ယူနိုက်တက် F.C မှာ **ဂိုး**-အောင်အောင်ဦး၊ **နောက်တန်း**-ကျော်ဒွန်း၊ ဌေးအောင်၊ အောင်သိုက်၊ ဇင်မင်းဦး၊ **အလယ်တန်း**-တင်ဝင်းအောင်၊ စိုးလင်းထွန်း၊ မျိုးမင်းထွန်း၊ **ရှေ့တန်း**-ကြည်လင်း (မြတ်ထူးနိုင်)၊ နိုင်ဦးလွင် (မက်ဆီပို)နဲ့ ကျော်သူရ၊ ရန်အောင်ဝင်းတို့ ပါဝင်ကစားခဲ့ပြီး ဇေယျာရွှေမြေ F.C တွင် **ဂိုး**-ဇော်မိုးထက်၊ **နောက်တန်း**-မင်းသူ၊ ဇော်လင်းထွန်း-၁၊ မျိုးဇော်ထွန်း၊ ချမ်းချမ်း၊ **အလယ်တန်း**-အောင်မိုး(ထူးကျော်)၊ ကျော် ဌေးဦး၊ ကျော်ဇင်ဝင်း (ကျော်ဘိုဘို)၊ အောင် မျိုးသန့်၊ **ရှေ့တန်း**-ရာဇာဝင်းသိန်းနဲ့ စည်သူသန်း (ရဲဝေယံစိုး)တို့ ပါဝင်ကစားခဲ့ကြပါတယ်။

စုစည်းမှုနည်း

ဇေယျာရွှေမြေနည်းပြချုပ် ဦးဉာဏ်ဝင်းက "ကျွန်တော့်ကစားသမားတွေ အာရုံစုစည်းမှုနည်းလို့ ရှုံးခဲ့ရတာပါ။ ပေးလိုက်ရတဲ့ဂိုးတွေထဲမှာ သုံးဂိုးကမဝင်သင့်ပါဘူး။ ကစားသမားတွေ အားနည်းချက်ကြောင့်ပါ။ အသင်းရဲ့ ကစားပုံကလည်း ထင်သလောက် မကောင်းခဲ့ပါဘူး။ ရတဲ့ဂိုးသွင်းခွင့်တွေ မဝင်တာကလည်း ကျွန်တော်တို့ ဂိုးပြတ်ရှုံးသွားစေတာပါ။ အဖွင့်ပွဲမှာ အရေးနိမ့်ခဲ့ပေမယ့် စိတ်ဓာတ်မကျဘဲ နောက်ပွဲတွေ အနိုင်ရအောင် ကြိုးစားသွားမှာပါ။ တစ်ပွဲရှုံးရုံနဲ့ ကျွန်တော်တို့ ချန်ပီယံဖြစ်ခွင့် မဆုံးရှုံးသေးပါဘူး။ အခွင့်အရေးတွေရှိပါသေးတယ်"ဟု ပြောကြားခဲ့ပါတယ်။

အသင်းခေါင်းဆောင်မင်းသူက "အရှုံးကို ကျေနပ်ပါတယ်။ ကောင်းတဲ့အသင်း အနိုင်ရသွားတာပါ။ သူတို့အဆုံးသတ်သေချာလို့ ဂိုးပြတ်သွားတာပါ။ အခုပွဲက အမှားကိုပြင်ပြီး လာမယ့်ပွဲတွေ အနိုင်ရအောင် ကြိုးစားသွားမှာပါ" လို့ပြောကြား ခဲ့ပါတယ်။

ရန်ကုန်ယူနိုက်တက် F.C C.EO ဦးစိုးခင်မောင်အေးနှင့် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက "ဒီနေ့ပွဲ အနိုင်ရလဒ်အတွက် ဂုဏ်ယူကျေနပ်ပါတယ်။ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကြောင့် အနိုင်ရတာပါ။ ကျွန်တော်တို့အသင်း အနိုင်ရဖို့ တစ်ခဲနက် လာရောက်အားပေးတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်သလို နောက်ပွဲတွေလည်း အခုလို အားပေးစေလိုပါတယ်။ အခုပွဲအနိုင်ရတဲ့အတွက် အသင်းပိုင်ရှင် ဦးတေဇက ကျပ်သိန်း ၁၀၀၊ ဂျေဒိုးနတ်ဆိုင်ပိုင်ရှင် ဦးအေးဝင်းက ကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့ပါတယ်။ အခုပွဲအနိုင်ရပေမယ့် ကျွန်တော်တို့ ရည်မှန်းချက် မရောက်သေးပါဘူး။ နောက်ပွဲတွေ ကျန်ပါသေးတယ်။ ပွဲတိုင်းအနိုင်ယူပြီး ချန်ပီယံဖြစ်အောင် ကြိုးစားသွားမှာပါ"လို့ ပြောကြားခဲ့ပါတယ်။

ပိုကြိုးစားသွားမှာပါ

အသင်းခေါင်းဆောင် အောင်အောင်ဦးက "ကျွန်တော့်ရဲ့ ပထမဦးဆုံးအသင်းခေါင်းဆောင်လုပ်တဲ့ပွဲမှာ အနိုင်ရခဲ့လို့ ဝမ်းသာပါတယ်။ အနိုင်ရလိုက်တဲ့ အတွက်လည်း ပိုအားရှိသွားပြီး နောက်ပွဲတွေမှာ ဒီထက်ကြိုးစားသွားမှာပါ။ မြို့ခံပရိသတ်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်" လို့ပြောကြားခဲ့ပါတယ်။ ။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

Southern Myanmar F.C
ရတနာပုံ F.C

(မြန်မာ့အလင်း)

အဖွင့်ပွဲစဉ်၌ ပရိသတ်များ ဤသို့ကွင်းလုံးပြည့် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ (မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ပန်းလှိုင်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၁၆

ပန်းလှိုင်ဂေါက်ကွင်း၌ မလှလှမူသည် ကစားဖော်များဖြစ်သည့် ကိုမင်းလွင်၊ကိုဇော်ဖန်တို့နှင့်အတူ ဂေါက်သီးရိုက် ကစားနေကြစဉ် ကျင်းအမှတ်(၆)အရောက်တွင် ၁၂၅ကိုက်အကွာမှနေ၍ Srixon Soft Feel Ball No.2 ဘောလုံးအား XXIO Lady Iron-7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(ပန်းလှိုင်ဂေါက်ကွင်း)

ထူးခြားသည့် နေ့အပူချိန်

(၁၆-၅-၂၀၀၉)

မင်းဘူး ၄၂ ဒီဂရီစင်တီဂရိတ်

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

မန်ယူတို့ သုံးထပ်ကွမ်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့ပြီ

ရေးသားတင်ပြသူ-မောင်ချစ်ကြည် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

လန်ဒန် မေ ၁၆

ယခုနှစ် ပရီမီယာလိဂ်ဖလားအတွက် နောက်ဆုံးအဆုံးအဖြတ်ပေးမည့်ပွဲစဉ်အဖြစ် မန်ယူနှင့်အာဆင်နယ်တို့ မေ ၁၆ရက်က အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သဖြင့် ဖလားရယူရေး တစ်မှတ်သာလိုတော့သည့်မန်ယူတို့ သုံးနှစ်ဆက်တိုက် ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက် အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်သည်။

ရင်ဆိုင်ခဲ့

ဖာဂူဆန်က ယခုပွဲ၌ ဖလားအရယူရေးအတွက် စီရိုနယ်ဒို၊ တီဗက်ဇ်နှင့် ရွန်နေ တိုက်စစ်အတွဲကို ပွဲထုတ်ခဲ့သည်။ အာစင်ဝင်းဂါးက ဗန်ပါစီတစ်ဦးတည်း တိုက်စစ် အထောင်ထားကာ နာဆရီ၊ အာရှာဗင်၊ ဖာဘရီဂတ်စ်တို့ကို အားပြုပြီး မန်ယူကို ရင်ဆိုင်ခဲ့သည်။

ကာကွယ်နိုင်ခဲ့

အာဆင်နယ်အသင်း ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ဂိုးရရှိရေး ကြိုးစားရာ ၁၄ကြိမ်ဂိုးသွင်းခွင့်ရပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သော်လည်း မန်ယူဂိုးသမား ဗန်ဒါဆား ကာကွယ်နိုင်ခဲ့သည်။

ပွဲအစ တစ်မိနစ်၌ စီရိုနယ်ဒို ဂိုးသွင်းခွင့် ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့သလို သုံးမိနစ်၌ အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ် ကိုက် ၃၀ အကွာမှ ကန်သွင်းချက် ဘေးထွက်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ထို့အတူ ၃၂မိနစ်၌ ဖာဘရီဂတ်စ်ထိုးဖောက်မှုကို မန်ယူနောက်ခံလူ အီဗန် ဟန့်တားနိုင်ခဲ့၍သာ မန်ယူတို့ သက်သာရခဲ့ခြင်းဖြစ်သည်။

မပြောင်းလဲ

မန်ယူက ၆၇မိနစ်၌ တီဗက်ဇ် အစား ပတ်ဂျီဆန်၊ မိနစ်၉၀၌ ရွန်နေအစား အန်ဒါဆင်တို့ ထည့်သွင်းကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ထို့အတူ အာဆင်နယ်ကလည်း ၆၉မိနစ်၌ အာရှာဗင်အစား ဝေါကော့သ်၊ နာဆရီအစား ဘင့်တနာတို့ အစားထိုး ကစားစေသော်လည်း ဂိုးရလဒ် မပြောင်းလဲနိုင်။

မန်ယူအသင်း ဆွတ်ခူးခဲ့သည့် ပရီမီယာလိဂ်ဖလား။

ဖလားရယူနိုင်ခဲ့

အာဆင်နယ်အသင်းသည် မန်ယူတို့ ယခုပွဲ၌ ဖလားမရနိုင်ရေးကြိုးစားခဲ့သဖြင့် အာရှာဗင်၊ ဗန်ပါစီ၊ ဖာဘရီဂတ်စ်၊ နာဆရီနှင့် ဆောင်ဘီလွှန်တို့ အဝါကတ်ပြခံခဲ့ရသည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးမသွင်းခဲ့သဖြင့် သရေပွဲဖြစ်ခဲ့ပြီးဖလားရယူရန် တစ်မှတ်လိုနေသော မန်ယူတို့ ပရီမီယာလိဂ်ဖလား ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မှတ်တမ်းသစ်

ယခုပရီမီယာလိဂ်ဖလားသည် မန်ယူအတွက် (၁၁)ကြိမ်မြောက် ရရှိခြင်းဖြစ်ပြီး သုံးနှစ်ဆက်တိုက် ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်သည့် မှတ်တမ်းသစ်လည်း ရေးထိုးနိုင်ခဲ့ပေပြီ။ ။

(အင်တာနက်)

ပရီမီယာလိဂ်ဖလားကို သုံးထပ်ကွမ်း ကိုင်မြှောက်အောင်ပွဲခံနေသော မန်ယူကစားသမားများ။

ဘွန်ဒက်လီဂါရလဒ် (၁၆-၅-၂၀၀၉)

ဘေယာလေဗာကူဆင်	၅ - ၀	မွန်ချန့်လက်ဘက်
ဘိုချမ်	၂ - ၀	ဖရန့်ဖွတ်
ဒေါ့မွန်	၆ - ၀	ဘီလီဖီး
ဟမ်ဘာဂါအက်စ်ဗွီ	၀ - ၁	အက်ဖ်စီကိုလော့နေ
ဟန်နိုဗာ	၀ - ၅	ဝုဖ်ဘတ်
ဟာသာဘီအက်စ်စီ	၀ - ၀	ရှော်ကေး
ဟိုဖန်ဟမ်း	၂ - ၂	ဘေယန်မြူးနစ်
စတုဂတ်	၂ - ၀	ကော့ဘတ်စ်
ဝါဒါဘရီမင်	၁ - ၃	ကာလ်ရှုဟီ

ပရီမီယာလိဂ်ပွဲစဉ် (၃၇)ရလဒ်

ဘော်လ်တန်	၁ - ၁	ဟူးလ်စီးတီး
အဲဗာတန်	၃ - ၁	ဝက်စ်ဟမ်း
မစ်ဒယ်ဘရော့	၁ - ၁	ဗီလာ
နယူးကာဆယ်	၀ - ၁	ဖူလ်ဟမ်
စတုတ်	၂ - ၀	ဝီဂန်
စပါး	၂ - ၁	မန်စီးတီး

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၅-၂၀၀၉ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ မြန်မာ့မီးရထားလမ်းသစ်ပွားတိုင်းပြည်အကျိုးများ
၈း၂၀ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News
၈း၄၅ ၉။ **မနိုင်သောအရှုံး** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၄၆)
၁၂း၃၀ ၅။ Golf Magazine(TV)
၁၃း၀၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **လင်းနီ** နိုင်းနိုင်း၊ မျိုးစန္ဒီကျော် (ဒါရိုက်တာ-ကိုလွင်၊ စနိုးဝိုက်)
၁၄း၄၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၄၅ ၈။ International News
၁၅း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၅၀ ၁။ **Myanmar National League MNL-Cup (2009)** ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (**Southern Myanmar F.C** နှင့် ရတနာပုံ F.C)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၃၀ ၄။ မိုးလေဝသအခြေအနေ
၆း၃၅ ၅။ ကာတွန်းအစီအစဉ် **Pocket Dragon Adventure**
၇၆း၅၅ ၆။ တစ်မျက်နှာတစ်ကွက်စာ **အကျင့်ပါနေလို့** ချာလီ၊ ရာဇာပေါက်စီ၊ အိတုန် (ဒါရိုက်တာ-ထင်ထင်း)
၇း၁၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား** (အပိုင်း-၁၄)
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၈)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၁၁)
၁၃။ အစီအစဉ်ပြီး၏။

ပဲခူးတိုင်း(အနောက်ပိုင်း)ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ပြည် မေ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း)ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်မြို့ နဝင်းရဲစခန်းရိပ်သာရှိ ခေတ္တရာခန်းမ၌ မေ ၁၁ရက် နံနက် ၈နာရီက ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်ကာ အမှာစကားပြောကြားသည်။

လိုအပ်သည်များ မှာကြား

အခမ်းအနားတွင် တွဲဖက်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းက ပြည်ထဲရေးဝန်ကြီး၊ ရဲချုပ်တို့၏မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ စခန်းမှူး၊ မြို့နယ်မှူးများက နယ်မြေအခြေအနေနှင့် ဦး/ရေး/ထောက်ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးများက ထပ်ဆင့်ရှင်းလင်း တင်ပြခဲ့ကြသည်။ ထို့နောက် တွဲဖက်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်းက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

မှတ်သားဖွယ်ရာမိုးရေချိန်

(၁၆-၅-၂၀၀၉)

၁။	မအူပင်	၁ ဒသမ ၅၇ လက်မ
၂။	ဖျာပုံ	၁ ဒသမ ၃၄ လက်မ
၃။	စစ်ကိုင်းမြို့	၀ ဒသမ ၉၈ လက်မ
၄။	ကျိုင်းတုံ	၀ ဒသမ ၉၀ လက်မ
၅။	မန္တလေး	၀ ဒသမ ၇၁ လက်မ

ဆရာဝန်အသင်း ဆေးပညာစာပေးစာယူ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME)က ကြီးမှူး၍ အနယ်နယ်အရပ်ရပ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် "Common Clinical Problems(2009)" စာပေးစာယူ သင်တန်းကို ဇွန် ၈ ရက်မှ ဩဂုတ် ၁၄ရက်အထိ သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များသည် လိုင်စင်ဓာတ်ပုံသုံးပုံဖြင့် ဇွန် ၈ရက်မှ ၃၀ ရက်အထိ ရုံးချိန်အတွင်း အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းရုံး၊ ရုံးအဖွဲ့မှူး ဖုန်း-၃၇၈၈၆၃၊ ၃၈၀၈၉၉၊၃၉၄၁၄၁တို့သို့ ဆက်သွယ်စာရင်းသွင်းပြီး သင်တန်းတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MNL CUP ဖွင့်ပွဲ အခမ်းအနား ဖွင့်လှစ်ရန် စတင်ပြင်ဆင်မှုမြင်ကွင်းကလည်း ဤသို့ ထူးထူးခြားခြား။ (မြန်မာ့အလင်း)

အမည်ပြောင်း
အဖ ဦးဟရန်ကျော်ပေါင်၏သမီး၊ အလက (၄) မရမ်းကုန်း၊ အဌမတန်း(A)မှ မမေရီလာလ်းချန်းဟိန်းအား မေရီချမ်းနှင်းဟု ပြောင်းလဲခေါ်ပါရန်။
မေရီချမ်းနှင်း။

အမည်ပြောင်း
အဖ ဦးဇော်ထွန်း၏သား အလက (၁)ဒဂုံ၊ စတုတ္ထတန်း (B)မှ မောင်မင်းခန့်အား မောင်ပြည့်ဖြိုးထွန်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်ပြည့်ဖြိုးထွန်း။

ကားဝယ်လိုသည်
ကွန်ဖော့ ကက/ခခ၊ ဓာတ်ဆီ၊ CNG ကားသန့် ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
ဖုန်း-၀၉-၅၂-၀၁၈၆၀၊ ၀၉-၅၀-၇၃၄၄၄။

ဆရာစောရန်နိုင်၊ B.A (Hons:)M.A
၏
အမည်ပေးကျမ်း

ဗျည္ဓနသုဒ္ဓိဆန်း၊ နာမက္ခရဆန်း၊ မဟာဘုတ်နှင့် ပဥ္စဗွတ်၊ ဆပွတ်၊ အညွှန့် နည်းများဖြင့် စနစ်တကျအပြစ်ကင်းစင်စွာ နာမည်ပေးပုံ၊ လုပ်ငန်းအမည်ပေးပုံများ၊ အသင့်လွယ်ကူစွာ ရွေးချယ်နိုင်သော နာမည်တွဲပေါင်း တစ်သိန်းကျော် ပါဝင်သည့် ဗေဒင်သုတေသီများ အလွယ်တကူ မှီငြမ်းကိုးကားနိုင်သည့် ဗေဒင်လောကတွင် ပထမဆုံးထုတ်ဝေသည့် ကျမ်းစာအုပ် ဖြစ်ပါသည်။
ဖြန့်ချိရေး-တင်တင်အေး၊ ပိဋကတ်စာအုပ်တိုက်၊
ရွှေတိဂုံဘုရားတောင်ဘက်မုခ်။
စာမူခွင့်ပြုချက်-၄၀၁၅၂၂၀၆၁၂၊ မျက်နှာဖုံးခွင့်ပြုချက်-၄၀၀၁၄၈၀၂၀၇။

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်
အောင်ချမ်းမြေ့
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
အမှတ် ၁၆၊ တတိယလွှာ၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၀၄၇၅၀၊ ၀၉-၅၀-၀၄၀၃၃
Open (7:00 AM to 9:00 PM) ပိတ်ရက်မရှိပါ။
(မြေနီကုန်း-ဒဂုံစင်တာနှင့် ဂမုန်းပွင့်ကုန်တိုက်တို့မှလမ်းလျှောက်လျှင် 5min)

- ပြည်တွင်း၊ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊သူနာပြုအုပ်(အငြိမ်းစား)များဦးစီးသည်။
- အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ် ထုတ်ပေး၍ သင်ကြားမည်။
- ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိရန် ကူညီမည်။ သင်တန်းဆင်း သက်သေခံ အောင်လက်မှတ် ထုတ်ပေးမည်။
- အေးမြသန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။
- သက်သာသောနှုန်းထားသာယူသည်။ ဘော်ဒါဆောင်ရှိသည်။ သင်တန်းအပ်လက်ခံနေပြီ။
- တန်းခွဲသစ်တစ်ခုလျှင် ၁၅ဦးသာ သတ်မှတ်ထားသည်။

နှစ်လပြတ် အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်တည်းသာ)
အပတ်စဉ် (၇၉၅) ၂၃-၅-၂၀၀၉ ရက် စမည်။ စနေ နှင့် တနင်္ဂနွေ
အပတ်စဉ် (၇၉၆) ၂၆-၅-၂၀၀၉ ရက် စမည်။ အင်္ဂါ နှင့် ဗုဒ္ဓဟူး
သုံးလပြတ် အထူးသင်တန်း (တစ်ပတ်တစ်ရက်တည်းသာ)
အပတ်စဉ် (၇၉၇) ၂၄-၅-၂၀၀၉ ရက်စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ
တစ်လပြတ် အထူးသင်တန်းများ (တစ်ပတ် ငါးရက်)
အပတ်စဉ် (၇၉၈) ၂၅-၅-၂၀၀၉ ရက်စမည်။ တနင်္လာမှ သောကြာ နေ့စဉ်
အပတ်စဉ် (၇၉၉) ၂၈-၅-၂၀၀၉ ရက်စမည်။ တနင်္လာမှ သောကြာ နေ့စဉ်

နံနက်ပိုင်း	09:00 AM to 12:00 PM
မွန်းလွဲပိုင်း	01:30 PM to 04:30 PM
ညနေပိုင်း	06:00 PM to 08:00 PM

(၁၀)ရက်အပြီး အထူးသင်တန်း
အပတ်စဉ် (၈၀၀) ၂၆-၅-၂၀၀၉ရက်မှ ၄-၆-၂၀၀၉ ရက်အထိ
09:00 AM to 04:30 PM

ကွင်းလုံးပြည့်လျှံ ပရိသတ်အားပေးသံများ ဖုံးလွှမ်းစေခဲ့သည့် တစ်ခေတ်ဆန်း MNL CUP (Grand Royal 2009) ဖွင့်ပွဲ

သတင်းအက်ဆေး-မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၆

အချိန် ။ ။ **၂၀၀၉ခုနှစ် မေ ၁၆ရက် မွန်းလွဲ ၁နာရီ။**
နေရာ ။ ။ **ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်း။**
ပွဲစဉ် ။ ။ **MNL CUP(Grand Royal 2009) ဖွင့်ပွဲ။**

မြန်မာ့ဘောလုံးသမိုင်း၏ အကြီးမားဆုံး အပြောင်းအလဲတစ်ရပ်၊ မြန်မာဘောလုံးလောက နိုင်ငံတကာနှင့် ရင်ပေါင်တန်းလာစေရေးအတွက် အရေးပါဆုံးခြေလှမ်း၊ မြန်မာ့ဘောလုံးပရိသတ်ကြီး၏ အပြင်းပြဆုံးဆန္ဒဖြင့် တွေ့မြင်လိုသောမြင်ကွင်း။

သုဝဏ္ဏဘောလုံးကွင်းသို့ သွားရာလမ်းတစ်လျှောက်ပရိသတ်များ လမ်းလုံးပြည့်လုနီးပါး ဖြစ်နေသည်။ လမ်းတစ်လျှောက်မြင်တွေ့ရသော ဘောလုံးပရိသတ်များကား မွန်းတည့် ၁၂ နာရီမထိုးမီကပင် MNL CUP ဖွင့်ပွဲ အခမ်းအနားကျင်းပရာ သုဝဏ္ဏဘောလုံးကွင်းသို့ ဆန္ဒစောစွာ သွားနေကြပြီဖြစ်သည်။

သုဝဏ္ဏဘောလုံးကွင်းအဝင်ဂိတ်၌ ပရိသတ်များ ကြိတ်ကြိတ်တိုးနေသည်ကို မြင်တွေ့ရသည်။ မြန်မာ့ဘောလုံးလောက အပြောင်းအလဲကန့်လန့်ကာအဖွင့်ကို မျက်မြင်ကိုယ်တွေ့ကြည့်ရှုအားပေးလိုသော ဆန္ဒပြင်းပြနေသူများဟု အသိအမှတ်ပြုရသည်။ မြန်မာ့ဘောလုံးအားကစားကို ချစ်မြတ်နိုးသူများပင်။

ပရိသတ်

သုဝဏ္ဏဘောလုံးကွင်းအတွင်း ဝင်လိုက်သည်နှင့် လေးဖက်လေးတန်ပွဲကြည့်စင်များ၌ ပရိသတ်ပြည့်လျှံနေသည်ကို အံ့သြစွာဖြင့် တွေ့မြင်လိုက်ရသည်။ ခြေချစရာပင် နေရာမရှိတော့ပြီ။ ပရိသတ်များ၏ မျက်နှာများတွင် အရောင်မျိုးစုံခြယ်သထားမှုများ၊ မိမိအားပေးမည့်အသင်း၏ အခမဲ့ဝေငှထားသော တီရှပ်များကို ဝတ်ဆင်ထားမှုမြင်ကွင်းကား ဥရောပကလပ်အသင်းများ ယှဉ်ပြိုင်ပွဲများကို အားပေးသည့် ပရိသတ်များကို ရုပ်မြင်သံကြားဖန်သားပြင်၌ မြင်တွေ့ရသည့်အတိုင်း။ မြန်မာ့ဘောလုံးလောကပြောင်းလဲပြီဖြစ်သလို မြန်မာဘောလုံးပရိသတ်တို့ အားပေးမှုပုံစံလည်း ပြောင်းလဲခဲ့လေပြီ။

ကွင်းလုံးပြည့်လျှံ အားပေးကြသော မြန်မာဘောလုံးပရိသတ်များကလည်း ဤသို့ ထုနှင့် ထည်နှင့်…။ (မြန်မာ့အလင်း)

အပြိုင်အဆိုင်

ယနေ့ MNL CUP ဖွင့်ပွဲ အခမ်းအနားအပြင် ပထမဆုံး ပရိပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက်F.C နှင့် ဇေယျာရွှေမြေ F.C အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အပြာနုရောင် တီရှပ်များကိုဝတ်ဆင်ပြီး ရန်ကုန်အခြေပြု ရန်ကုန်ယူနိုက်တက် F.C အသင်းကိုအားပေးမည့် ပရိသတ်များက "ရန်ကုန်"၊ "ရန်ကုန်"ဟု ညီညာစွာ သံပြိုင်အော်ဟစ်နေကြသလို အဝါရောင်တီရှပ်များကို ဝတ်ဆင်ပြီး ခေါင်းစည်းများ၊ အသင်းအထိမ်းအမှတ်အလံများ ခေါင်းစည်းတွင်ထိုးထားသည့် ဇေယျာရွှေမြေ F.C အသင်းကို အားပေးသော "ဇေယျာ၊ ဇေယျာ"ဟု အော်ဟစ်နေသည့် ပရိသတ်အသံများကား အပြိုင်အဆိုင်။

သုဝဏ္ဏဘောလုံးကွင်းပတ်လည်တွင် နေရာအပြည့်ထောင်ထားသည့် ကြော်ငြာဆိုင်းဘုတ်များကလည်း အရောင်အသွေးနှင့် အမျိုးအစားစုံလင်စွာ မြင်တွေ့ရသည်။ ဖွင့်ပွဲအခမ်းအနားမစတင်မီ အထူးတန်းပွဲကြည့်စင်ရှေ့ စင်မြင့်ထက်၌ နာမည်ကြီးအဆိုတော်များက မြူးကြွသည့်တေးသံသာများဖြင့် ဖျော်ဖြေပေးကြသည်။

သရုပ်ပြ

ဖွင့်ပွဲအခမ်းအနားစတင်သည့်အခါ သုဝဏ္ဏဘောလုံးကွင်းအတွင်း သရုပ်ပြအဖွဲ့များ၊ MNL CUP (Grand Royal 2009) ပြိုင်ပွဲဝင်ဘောလုံးအသင်းရှစ်သင်းမှ ဘောလုံးသမားများကလည်း ဝတ်စုံအပြည့်ဖြင့် ဘောလုံးကွင်းပတ်လည်တွင် လေးဖက်လေးတန်လုံး စီတန်းမတ်တတ်ရပ်ပြီး ကိုယ်စီဘောလုံးများပိုက်လျက်။ အဆိုတော် အာဇာနည်က တေးသီချင်းသီဆိုပြီး သရုပ်ပြအဖွဲ့များက ရင်သပ်ရှုမောဖွယ်ရာ ပြကွက်များဖြင့် ပြသကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်များကလည်း တပျော်တပါး ပါဝင်ဆင်နွှဲကြပြီး မြန်မာ့ဘောလုံးလောက အပြောင်းအလဲ၏ ကနဦးဖွင့်ပွဲကို ကိုယ်တိုင်ပါဝင်ကူညီပေးခဲ့ကြသည်ကို တွေ့ရသည်။

MNL CUP ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်လိုက်သည်နှင့် တစ်ပြိုင်နက် မီးရှူးမီးပန်းဖောက်သံများနှင့်အတူ မိုးပုံပူဖောင်းများ ဝေဟင်တွင် လွင့်ပျံသွားသည်။ ထို့အတူ ဘောလုံးကွင်းပတ်လည်တွင် မတ်တတ်ရပ်နေသော ဘောလုံးအသင်းရှစ်သင်းမှ ဘောလုံးသမားများက လက်ထဲတွင် ကိုင်ထားသော ဘောလုံးများကို လေးဖက်လေးတန်ပွဲကြည့်စင်ပေါ်ရှိ ပရိသတ်များထံ ပစ်ပေးလိုက်ကြရာ ပရိသတ်များ ဆူညံစွာ တပျော်တပါး လုယက်ယူကြသည်။

MNL CUP ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ပြည်တွင်းကလပ်အသင်းများတွင် နိုင်ငံခြားသား ဘောလုံးသမားများ ဤသို့ ပါဝင်ကစားကြမည်။ (မြန်မာ့အလင်း)

မဲနှိုက်ကစား

ထိုဘောလုံးများတွင် ကံစမ်းမဲများ ပါရှိသည်ဖြစ်ရာ ယနေ့ကစားမည့် ရန်ကုန် ယူနိုက်တက် F.C နှင့် ဇေယျာရွှေမြေ F.C စီအသင်းတို့ ပထမပိုင်းပွဲချိန်ကစားပြီးသည်နှင့် ၁၅မိနစ်အနားယူချိန်အတွင်း အစီအစဉ်တင်ဆက်သူ ဆန်းထွန်းနှင့် ရုပ်ရှင်သရုပ်ဆောင် အိန္ဒြာကျော်ဇင်တို့က မဲနှိုက်ပြီး ပေါက်မဲနံပါတ်များ ရွေးချယ်ပေးကြသည်။ မဲပေါက်သူများအနေဖြင့် ဒီဗွီဒီအောက်စက်၊ ချောင်းသာသို့ အပန်းဖြေခရီးအခမဲ့အစီအစဉ်၊ ပြည်တွင်းလေကြောင်းခရီးစဉ်အဖြစ် ရန်ကုန်-ညောင်ဦး အသွားအပြန်အခမဲ့ လက်မှတ်၊ ရန်ကုန်-မန္တလေး အသွားအပြန်လေယာဉ်အခမဲ့စီးနင်းခွင့်လက်မှတ်၊ LG-၂၁ လက်မ ရုပ်မြင်သံကြားပြစက်များ၊ လေအေးပေးစက်များနှင့် အခမဲ့ဈေးဝယ်ခွင့်လက်မှတ်များ ရရှိကြမည်ဖြစ်ရာ ပရိသတ်များက အော်ဟစ်ပျော်ရွှင်နေကြသည်။

MNL CUP ဖွင့်ပွဲအခမ်းအနားနှင့်အတူ ယှဉ်ပြိုင်ကြမည့်အသင်းများအနက် နိုင်ပွဲရသည့်အသင်းများကို ဆုကြေးများ ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးသည်ဖြစ်ရာ အသင်းအတွက်သာမက အားကစားသမားများအတွက်ပါ ထိုက်တန်သော ဂုဏ်ဒြပ်နှင့် ချီးမြှင့်မှုများကို ခံစားကြရမည်ဖြစ်သည်။

နိုးထစေခဲ့

မြန်မာ့ဘောလုံးလောက တစ်ခေတ်ဆန်းစေခဲ့သည့် ပထမဆုံး MNL CUP ဖွင့်ပွဲ အခမ်းအနားကား မြန်မာ့ဘောလုံး အားကစားနှင့် မြန်မာ့ဘောလုံးပရိသတ်အား လှုပ်ရှားနိုးထစေခဲ့ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးကြီး အတွင်းအပြင် သန့်ရှင်းသာယာလှပရေးနှင့် သား၊ ငါး ရောင်းချသည့်နေရာများတွင် ယင်လုံဆန်ခါများဖြင့် ရောင်းချမှုရှိ မရှိကို မေ ၃ရက်က အမှုဆောင်အရာရှိ ဦးပြည်စိုး ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖလမ်းစည်ပင် ကတ္တရာလမ်းခင်း

ဖလမ်း မေ ၇

ဖလမ်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးစီးသော တစ်မိုင်ဘုန်းကြီး ကျောင်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ(၂) ဦးလလ်ဟုပ်ထန်း ဧပြီ၃၀ရက်က ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မုဒုံမြို့နယ် သစ်တောဦးစီးဌာန တာပသွန် အမြဲတမ်းပျိုးဥယျာဉ်တွင် ယူကလစ်သစ်ဖြင့် ဆောက်လုပ်ထားသည့် တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေကို ဧပြီ ၁၀ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လာရောက်လေ့လာနေသည်ကို သစ်တောဦးစီးအရာရှိ ဦးမန်းတင်ထွန်းကြည်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုင်းဖြတ်၌ လင်းလက်စာကြည့်တိုက်အဆောက်အအုံဖွင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဟောပြော

မိုင်းဖြတ် မေ ၁၂

မိုင်းဖြတ်မြို့နယ် နမ့်နန်းကျေးရွာအုပ်စု ပါယောင်း(၂)ကျေးရွာ လင်းလက်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ရွာသူကြီး ဦးအားဒိုတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့်ဟောပြောပြီး ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးအကြောင်း ဟောပြောသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်အေးအေးခိုင်တို့က စာအုပ်စာစောင် ၁၇၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့ လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်အိမ်ရာ ထူထောင်ရေး ကျေးရွာပိုင်စိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြ စိုက်ပျိုးဆောင်ရွက်

ပိုင်းမော် မေ ၁၂

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ပိုင်းမော်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်အိမ်ရာထူထောင်ရေးကျေးရွာပိုင်စိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ ပညာပေး လက်တွေ့သရုပ်ပြ ကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၂ရက် နံနက် ၉နာရီက ပိုင်းမော်မြို့နယ် ဂူယန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ မြစ်ကြီးနားခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဋ္ဌေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသိန်းဆောင်နှင့် ဝန်ထမ်းများ၊ ဂူယန်ကျေးရွာဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပညာပေးသရုပ်ပြ

ထို့နောက် မြစ်ကြီးနားခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဋ္ဌေးက တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ ယူကလစ်ပင် ၂၀နှင့် ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်စိုက်ခင်း တစ်ဧကစိုက်ပျိုးရန်နှင့် ယူကလစ်ပင် အသုံးချမှုများကို ပညာပေး ရှင်းလင်းပြသပြီး ပိုင်းမော်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးသိန်းဆောင်က ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်နှင့် အခြားသစ်မျိုးစုံ ပျိုးထောင်ခြင်းနှင့် ၂၀၀၉ခုနှစ် မိုးရာသီတွင် ပိုင်းမော်မြို့နယ်အတွင်း ကျွန်း ၁၁၉၆၃ပင်၊ ယူကလစ်ပင် ၂၅၀၀ နှင့် အခြားသစ်မျိုးပင် ၁၄၀၀၊ လူထုဖြန့်ဝေ ပျိုးပင်စုစုပေါင်း ၁၈၉၆၃ပင် ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ရေစကြိုမြို့၌ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ် စာပေဟောပြော

ရေစကြို မေ ၉

ရေစကြိုမြို့နယ် သာဂေါင်ကျေးရွာ ဉာဏဝီရစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အထိမ်းအမှတ်အဖြစ် ဧပြီ ၂၀ ရက် ည ၈ နာရီက သာဂေါင်ကျေးရွာ အမက(၅၉) အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)က လိမ္မာယဉ်ကျေးသိမ်မွေ့လာစေဖို့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ချစ်ဦးညို က ပညာရဲရင့် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ ဟောပြောပွဲ အပြီးတွင် စာရေးဆရာကြီးများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော စံပယ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဧပြီ၅ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝမ်းမောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးအိမ်ရှင်စာအုပ်တိုက် (၁၀)နှစ်ပြည့်အထိမ်းအမှတ် အလှူငွေနှင့် အဝတ်အထည်များပေးအပ်

ရန်ကုန် မေ ၁၆

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ စီးတီးစတားဟိုတယ် ပထမထပ်ခန်းမ၌ မီးအိမ်ရှင်စာအုပ်တိုက် (၁၀)နှစ်ပြည့် အထိမ်းအမှတ် လူငယ်ဆရာဝန်စာရေးဆရာမ ယဉ်မင်းဦး(ဆေးတက္ကသိုလ်)၏ ပရမတ္ထအလင်္ကာစာအုပ်ထုတ်ဝေဖြန့်ချိခြင်းအခမ်းအနားကို မေ ၁၂ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် စာရေးဆရာချစ်ဦးညိုက ဆောင်ရွက်ပြီး အမျိုးသားစာပေဆုရ စာပေပညာရှင်ကြီး မောင်ဆုရှင်၊ အမျိုးသားစာပေ ဆုရကဗျာဆရာကြီး မြင့်မူမောင်နိုင်မိုး၊ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန ဌာနမှူး ပါမောက္ခ ဆရာကြီး ဒေါက်တာနန္ဒာသိန်းဇံတို့က အမှတ်တရစကားများ ချီးမြှင့်ပြောကြားသည်။

ထို့နောက် မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်၊စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ဆေးရုံဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း**(ဝဲပုံ)**၊ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းမှ ကင်ဆာရောဂါဝေဒနာရှင်လူနာများ၏ ထမင်းတစ်နပ်စာ အာဟာရဒါနအတွက် ငွေကျပ်ငါးသောင်း၊ ဝိသာခါသီလရှင်စာသင်တိုက်မှ စောင့်ရှောက်ထားသော မိဘမဲ့နှင့် နွမ်းပါးသော ကလေးငယ်များ၊ အမျိုးသမီးများအတွက် ငွေကျပ် ၁၀သိန်းကျော်တန်ဖိုးရှိ အဝတ်အထည် ၁၂၀ တို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းသည်။ **(စာပေနှင့်စာနယ်ဇင်း)**

စာပေအလင်းရောင် စာကြည့်တိုက်သစ်ဖွင့်

တမူး မေ ၁၁

တမူးမြို့နယ် ခမိတ်ကျေးရွာ စာပေအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၅ရက်နံနက်ပိုင်းက ယင်းစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ခင်က ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီဖြစ်ရေး၊ စာငှားကတ်ပြားထုတ်ပေး၍ စာကြည့်တိုက်ရန်ပုံငွေ ငွေပဒေသာပင်စိုက်ထူဆောင်ရွက်ရေးကို ရှင်းလင်းဆွေးနွေးသည်။ ထို့ပြင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဖေက ယင်းစာကြည့်တိုက် အဆောက်အအုံသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲတွင် စေတနာရှင်ဌာနဆိုင်ရာများမှ လှူဒါန်းသည့် သုတ ရသစာအုပ်များ၊ မဂ္ဂဇင်းနှင့် ဂျာနယ်စာစောင်အုပ် ၃၀၀ ကို ပေးအပ်လှူဒါန်းသည်။ ယင်းအဆောက်အအုံသည် သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်းပြီး အလျား ၂၇ပေ၊ အနံ ၁၈ပေရှိသော တစ်ထပ်အဆောက်အအုံဖြစ်၍ ကုန်ကျငွေကျပ် သိန်း ၃၀ခန့်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဝက်တုပ်ကွေးရောဂါ ကာကွယ်ရေး ကလေးခရိုင်၌ ဟောပြော

ကလေး မေ ၈

ကလေးခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဝက်တုပ်ကွေးရောဂါ ကာကွယ်ရေး ပညာပေးဟောပြောပွဲကို မေ ၂ရက် မွန်းလွဲ ၁နာရီခွဲက ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဝက်မွေးမြူမှု ထုတ်လုပ်၊ ရောင်းချသူများအသင်းနှင့် ဝက်သားရောင်းချသော လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမိုးမိုးခိုင်က ဝက်တုပ်ကွေးရောဂါကာကွယ်ရေး သိကောင်းစရာများကို ဟောပြောသည်။

ဆက်လက်ပြီး စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းက ဝက်မွေးမြူရောင်းချခြင်းနှင့်ပတ်သက်၍ စည်းကမ်းတကျဆောင်ရွက်ရေး ဆွေးနွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မှုခင်း သတင်း — ပဲနွယ်ကုန်းအဝင် တုံကန်ချောင်းအတွင်း နွားလှည်းတိမ်းမှောက် ငါးဦးသေဆုံး

ကျောက်တံခါး မေ ၁၅

ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့အဝင် တုံကန်ချောင်းအတွင်း နွားလှည်းတိမ်းမှောက်သဖြင့် ငါးဦးသေဆုံးမှုဖြစ်စဉ် မေ ၈ ရက်ညနေပိုင်းက ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ မေ ၈ရက် ညနေ၄နာရီ မိနစ်၂၀ခန့်က ညောင်ပင်သာရွာမှ ဦးသောင်းစိန်၏တစ်နှစ်ပြည့် ဆွမ်းသွတ်အလှူမှအပြန် လူကိုးဦးတင်ဆောင်လာပြီး ဦးဝင်းမြင့်မောင်းနှင်လာသည့် နွားလှည်းသည် ပဲနွယ်ကုန်းမြို့အဝင် တုံကန်ချောင်းအတွင်း အရောက်တွင် ချောင်းရေစီးအတိုင်း တစ်ရှိန်ထိုး ထိုးဆင်းသွားရာမှ လှည်းမှာ တိမ်းမှောက်သွားရာ နွားလှည်းပေါ်ပါလာသူ ကိုးဦးအနက် လေးဦးမှာ အသက်ရှင်လွတ်မြောက်သွားပြီး မသန်းသန်းဋ္ဌေး(၁၁နှစ်) (ဘ) ဦးရှမ်းကြီး၊ မမီးမီး (၁၄နှစ်) (ဘ) ဦးလှဝေ၊ မဇင်ဇင်ငြိမ်း(၉နှစ်) (ဘ)ဦးအေးငွေ၊ မောင်ဖြိုးဝေအောင်(၆နှစ်) (ဘ)ဦးဇော်ဝမ်းနှင့် မောင်အောင်ခိုင် (၁၀နှစ်) (ဘ) ဦးရဲဝင်းတို့ငါးဦးမှာ သေဆုံးသွားသည်။

အဆိုပါသေမှုသေခင်းနှင့်ပတ်သက်၍ ပဲနွယ်ကုန်းရဲစခန်းမှ စခန်းမှူး ခင်မောင်လှက သေမှုသေခင်း အမှတ်စဉ် ၃/၀၉ ဖြင့် အမှုဖွင့်၍ နွားလှည်းမောင်းသူ ဦးဝင်းမြင့်အား ပုဒ်မ ၃၀၄-က ဖြင့် ကျောက်တံခါးမြို့နယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ထားကြောင်း သိရသည်။ (၀၆၇)

အိမ်မဲမြို့ မြို့မဈေးအတွင်း မေ ၃ရက်က စားသောက်ဆိုင်များ ယင် လုံ ဆန် ခါ ဖြင့် ရောင်းချရေးနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဈေးအကျိုးဆောင်အဖွဲ့နှင့် ဈေးတာဝန်ခံ ဒေါ်သွယ်ဇာလွင်တို့က ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



MCC
Since 1986
May [8~10] Early Bird Discount (Up to 25%)

အကြောင်းကြားစာ

အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်း

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၉ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၀

ဦးတင်စိန်
အမှတ်-၁၃၇၊ လေးထပ်၊ အမှတ်(၂)ရပ်ကွက်၊
၃၄လမ်း၊ ကျောက်တံတားမြို့နယ်။
(လျှောက်ထားသူ)

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ၃၄လမ်း၊ အမှတ်(၂)ရပ်ကွက်၊ လေးထပ်၊ အမှတ်-၁၃၇နေ ဦးတင်စိန်မှ ကွယ်လွန်သူဒေါ်လေးခင်၏ခင်ပွန်းဖြစ်သည်ဟူ၍ ၄င်းလိပ်စာတွင် နေထိုင်စဉ် ကွယ်လွန်ခဲ့သော ဒေါ်လေးခင်ပိုင် ကျန်ရှိသောပစ္စည်းပိုင်အနက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်အတွက် အမွေဆက်ခံခွင့်လက်မှတ်စာ ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို လူအများတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ကွယ်လွန်သူဒေါ်လေးခင်ပိုင် ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၉ ခုနှစ် မေ၂၅ရက် နံနက် ၁၀နာရီအချိန်တွင် လာရောက်ကြရမည်။ ၄င်းနေ့ရက်တွင် လျှောက်ထားသူ ဦးတင်စိန်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်စာရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၉ခုနှစ် မေ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်ထွဋ်
ဒုတိယခရိုင်တရားသူကြီး-၅
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

အောင်စကြာမိုးကုတ်ရိပ်သာ ဝါဆိုသံဃာ လက်ခံပြီ

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၌ ၁၃၇၁ ခုနှစ် ဝါကပ်၍ တရားအားထုတ်လိုသော သံဃာတော်များသည် နယုန်လဆန်း ၁ ရက်မှ စတင်လျှောက်ထားနိုင်ပြီး အနည်းဆုံးငါးဝါရှိ၍ ပထမလတ်တန်း အောင်မြင်ပြီး ဖြစ်ရမည်။

အသေးစိတ်သိလိုပါက ဖုန်း-၅၄၇၀၂၈ နှင့် ၀၉-၅၁-၄၇၃၈၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **(အရေအတွက် ကန့်သတ်ထားပါသည်။)**

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အထက(၁) သတ္တမတန်း(B)မှ မဉမ္မာဟယ်လင်ရိုင်၏ ဖခင်အမည်မှန်မှာ ဦးဂျာယာ မဟာဒူး ၁၃/ကမန(နိုင်)၀၆၈၂၃၈ ဖြစ်ပါသည်။

အမည်ပြောင်း

ဟိုပင်မြို့ မြဇေယျာရပ်ကွက် အိမ်အမှတ်(၄/၄၄၁)နေ အဖဦးအောင်နိုင်၏သမီး မအားရှင်(ခ)မအေးအေးခိုင်အား မနေခြည်ရှင်းဟု ပြောင်းလဲခေါ်ပါရန်။ **မနေခြည်ရှင်း။**

မွေးသက္ကရာဇ်အမှန်

အဖ ဦးမြင့်မောင်၏ သမီး မြစ်ကြီးနားမြို့အထက(၄)အဌမတန်း (D)မှ မနန်းကြူကြူခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁-၁၉၉၅ ဖြစ်ပါသည်။

အမည်ဖြည့်စွက်ခြင်း

အဖဦးမြင့်မောင်၏သမီး မြစ်ကြီးနားမြို့အထက(၄) အဌမတန်း (D)မှ မနန်းကြူကြူခိုင်အား မနန်းကြူကြူခိုင်(ခ)မနန်းကေသီဟု ဖြည့်စွက်ခေါ်ပါရန်။ **မနန်းကြူကြူခိုင်(ခ) မနန်းကေသီ။**

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အလက(၃) အဌမတန်း(B)မှ မောင်အောင်ကိုကို၊ တွဲဖက်အထက(ပလန)၊ ဆဌမတန်း(က)မှ မအေးချမ်းသူတို့၏ ဖခင်အမည်မှန်မှာ ဦးဘွမ်တိန့် ၁/မကန(နိုင်) ၀၇၂၆၃၉ ဖြစ်ပါသည်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၉ခုနှစ် တရားမဇာရီမှုအမှတ် -၄၆

မြန်မာ့စီးပွားရေးဘဏ် ဝမ်းတွင်းမြို့။	**နှင့်**	၁။ ဦးစစ်နိုင် ၂။ဒေါ်ပြုံးပြုံးဇင်
တရားနိုင်		**တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၂၀၈တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဇွန် ၈ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် နယုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့၊ ဇဂျမ်းကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၅၇၈/က)၊ ဇဂျမ်းကုန်းမြောက်၊ ဦးပိုင်(၃၂၅)၊ ဧရိယာ၀.၁၃သမ၂၈ဧကရှိမြေ ၁။ ယင်းမြေပေါ်ရှိ (၃၆×၂၇)ပေနံကပ်၊ သွပ်မိုး၊ နှစ်ထပ်တိုက်၊ ၂။ (၃၆×၁၂)ပေ မီးခံသွပ်မိုးတိုက်ရှေ့အဖီဆောင်၊ (၃၆×၁၂)ပေ နံကပ်သွပ်မိုး၊ ကျောဘက် မီးဖိုချောင်၊ (၃၆×၁၂)ပေ နံကပ်သွပ်မိုး၊ ကွန်ကရစ်ခင်းရေချိုးခန်း၊ ၃။(၂၇×၁၈)ပေ နံကပ်သွပ်မိုး၊ အုတ်ခင်းဆေးဖို၊ ၄။ (၄၂×၁၈)ပေ နံကပ်သွပ်မိုး၊ ကွန်ကရစ်ခင်း ရက်ကန်းစက်ရုံ၊ ၅။ ရေစင်၊ ရေချိုးခန်း၊ နှစ်လက်မအဝီစိတွင်း၊ ပလက်ဖောင်းစက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် မေ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်တင်ဝါ
တွဲဖက်တိုင်းတရားသူကြီး(၅)
မန္တလေးတိုင်းတရားရုံး။

အကြောင်းကြားစာ

တရားမပုံစံအမှတ်-၇၄
ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံးတော်၌
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၂၉ နှင့်ဆက်သွယ်သည်။
၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်-၂၉။

ဒေါ်စန်းစန်းရီ	**နှင့်**	ဒေါက်တာရီရီမြင့်၊ ဒေါ်တင်တင်သော်၊ ဒေါ်မာလာကြည် မ-၄၀၊ ပန်းခြံကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

ဒေါက်တာရီရီမြင့်၊ ဒေါ်တင်တင်သော်၊ ဒေါ်မာလာကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ် ၃၂၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်စန်းစန်းရီက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၉ ခုနှစ် မေ ၂၁ရက် (၁၃၇၁ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၉ ခုနှစ် မေ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်ထူး
ဒုတိယခရိုင်တရားသူကြီး (၁)
အရှေ့ပိုင်းခရိုင်တရားရုံး(ရန်ကုန်)။



မီးမလောင်ခင် သတိယူ၍ ကြိုတင်ကာကွယ်ပါ

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၁၈-၅-၂၀၀၉(တနင်္လာနေ့)
- ☐ နဝရတ်ကိုးသွယ်ရောင်စုံခြယ်
  - ပထမနှစ်(ဘူမိဗေဒ)၊ ကျောက်မျက်ဝါသနာရှင်များ၊ အများပြည်သူများ
- ☐ မြန်မာ့စကားပြေအကြောင်း သိကောင်းစရာများ
  - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် (နေ့+အဝေးသင်) မြန်မာစာ ကျောင်းသား ကျောင်းသူများ

၁၉-၅-၂၀၀၉(အင်္ဂါနေ့)
- ☐ ရောဝတီမြစ်
  - ပထမနှစ်၊ တတိယနှစ် (နေ့+အဝေးသင်) ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ရေနံချောင်းမြို့၊ ကျောက်စာရုံ၊ ဘုရားကျောက်စာချပ်များ
  - ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ

၂၀-၅-၂၀၀၉(ဗုဒ္ဓဟူးနေ့)
- ☐ မြွေအကြောင်းသိကောင်းစရာ
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Cognitive Development by Jean Piaget
  - B-Ed သင်တန်းသားများ

၂၁-၅-၂၀၀၉(ကြာသပတေးနေ့)
- ☐ Curriculum Development
  - B-Ed ပထမနှစ် စာပေးစာယူသင်တန်းသားများ
- ☐ မြန်မာစာဘာသာအတွက် သင်ကြားမှု/သင်ယူမှု အထောက်အကူပြု ပစ္စည်းများ အသုံးပြုသင်ကြားခြင်း
  - B-Ed မြန်မာစာအထူးပြု စာပေးစာယူသင်တန်းသားများ

၂၂-၅-၂၀၀၉(သောကြာနေ့)
- ☐ Validity & Reliability
  - B-Ed ဒုတိယနှစ် စာပေးစာယူ ကျောင်းသား ကျောင်းသူများ
- ☐ The Role of the Headmaster
  - B-Ed ဒုတိယနှစ် စာပေးစာယူ ကျောင်းသား ကျောင်းသူများ

၂၃-၅-၂၀၀၉(စနေနေ့)
- ☐ Geography of Agriculture Meat, Dairy Produce
  - တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Structure of Amphibians
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Anatomy of Dicot & Monocot Stems
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Rise and Development of the Novel
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Morphology
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Simple Random Sampling
  - တတိယနှစ် စီးပွားရေးပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Nature and Scope of International Economic
  - တတိယနှစ် စီးပွားရေးပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၄-၅-၂၀၀၉(တနင်္ဂနွေနေ့)
- ☐ Linear Programming II
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Limited Company General Background
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ အာသံနိုင်မော်ကွန်း၏ ဂုဏ်ရည်
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ မြန်မာရသ စကားပြေ
  - ဒုတိယနှစ် ရသစာပေအရေးအသားအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ New Worlds To Conquer
  - ဒုတိယနှစ် အထူးပြုအားလုံး
- ☐ Second Year Notes
  - ဒုတိယနှစ် အင်္ဂလိပ်စာ အထူးပြုအားလုံး
- ☐ Poetry
  - ဒုတိယနှစ် အင်္ဂလိပ်စာ အထူးပြုအားလုံး

ရွှေဘိုမြို့နယ် ဝါစိုက်တောင်သူများအား မိုးနှောင်းချည်မျှင်ရှည်ဝါစီမံကိန်းတာဝန်ပေးအပ်

ရွှေဘို မေ ၁၅

၂၀၀၉-၂၀၁၀ မိုးနှောင်း ချည်မျှင်ရှည်ဝါစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၅ရက် နံနက် ၁၁နာရီ က ရွှေဘိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဦးအုန်းချို၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝါစိုက်တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းချိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဝါနှင့်ပိုးချည်လုပ်ငန်းမှ မန်နေဂျာ ဦးအေးသန်းက ငွေချည်-၆ ဝါစိုက်ပျိုးမှုနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ် ဝါနှင့် ပိုးချည်လုပ်ငန်း မန်နေဂျာ ဒေါ်ခင်စန်းဝင်းက ငွေချည်-၆ ဝါစိုက်ပျိုးမှုနှင့် အကျိုးအမြတ်ရရှိမှုအကြောင်းကို ဝါစိုက်တောင်သူများကို ပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဦးသန်းထွန်းက ဝါစိုက်တောင်သူတစ်ဦးထံ စီမံကိန်းတာဝန်ပေးအပ်သည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် Myanmar National League Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုအားပေး

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် Myanmar National League Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် Zayar Shwe Myay F.C အသင်းနှင့် Yangon United F.C အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည့် Myanmar National League Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြိုင်ပွဲ Score Board ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး ကြည့်ရှုအားပေးသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ *စာမျက်နှာ ၆ ကော်လံ ၁* *

ခေတ်မီစက်ကိရိယာဖြင့် ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်ပုံနှင့် စွန့်ပစ်အမှိုက်အမျိုးမျိုးကို လောင်စာအဖြစ် အသုံးပြုသည့် အဆင့်မြင့်မီးဖို သရုပ်ပြပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မေ ၁၅ ရက် မွန်းလွဲ ၂နာရီ ၂၅ မိနစ်တွင် နေပြည်တော်မှ လားရှိုးမြို့သို့ တပ်မတော် အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက် ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လားရှိုးမြို့ ရွှေလီရိပ်သာ၌ ခင်းကျင်းပြသထားသည့် ခေတ်မီစက်ကိရိယာဖြင့် ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)